# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 31 October 2022 ၁၀၉၀၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော်လေးအား ဘွဲ့နာမံတော်အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်စဉ်။


**ယနေ့ ဖတ်စရာ**

**မိုးမြင့်တောင်ပံ . . . တိမ်ယံထိုးဖွင့် . . . တံခွန်လွှင့်ပြီ**
ဆောင်းပါး စာမျက်နှာ » ၆

**ပင်လယ်ပြင်သဘာဝအလှတို့စုဝေးရာ အပျိုစင်မာန်အောင်ကျွန်းမှ အပန်းဖြေခရီးသွားတို့ကို လက်ကမ်းလို့ကြိုနေ**
ဆောင်းပါး စာမျက်နှာ » ၁၀

**လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ**
စာမျက်နှာ » ၂၁

ကြေးမုံ

# လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တန်ဖိုးကြီးသောအရင်းအနှီးမှာ ပညာရေးဖြစ်သည်။ ပညာရေးဖြင့် ရင်းနှီးမြှုပ်နှံပြီး ဖွံ့ဖြိုးတိုးတက်သောအနာဂတ်ကို တည်ဆောက်ကြသည်။ ပညာသည် မကုန်ခန်းနိုင်သောအရင်းအမြစ်ဖြစ်၍ ပညာဖြင့် ဘက်စုံလွှမ်းခြုံလာအောင် ကြိုးပမ်းနေကြသည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြင့်မားတိုးတက်လာရန်အတွက် စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်သစ်သည် ဘက်စုံပညာရေးကို ဦးတည်ဖော်ဆောင်နေသည်။

မျက်မှောက်ကာလတွင် စနစ်သစ်ပညာရေးကို အတန်းစဉ်အလိုက် ပညာသင်နှစ်အလိုက် အကောင်အထည်ဖော်ခဲ့ရာ လာမည့်ပညာသင်နှစ် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် KG+12 ပညာရေးစနစ်၏ နောက်ဆုံးအတန်းဖြစ်သော Grade -12 ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။ စနစ်သစ်ပညာရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရာ၌ ဆရာ၊ ကျောင်းသား ပကတိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ကျောင်းသားနှင့် ပညာရေးကို မျက်ခြည်မပြတ် အကဲဖြတ်ဆန်းစစ်နေကြရသည်။ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ဆက်လက်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ကို တွေ့ရသည်။

အစောပိုင်းက အခြေခံပညာအဆင့်ကို ဒသမတန်း(၁၀ တန်း)တွင် ပြီးဆုံးခဲ့ပြီး အဆင့်မြင့်ပညာသို့ တက်လှမ်းကြရသည်ဖြစ်သော်လည်း ယခုအခါတွင် အခြေခံပညာအဆင့်ကို Grade -12 (၁၂ တန်း)အဖြစ် ပြောင်းလဲသင်ကြားလာကြရာတွင် စာသင်နှစ်ပိုမိုလာသည်ဟု ထင်မှတ်ဖွယ်ရှိသည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် နှစ်စဉ်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူအားလုံးကို ခြုံငုံကြည့်မည်ဆိုပါက မူလတန်းပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာများကို အကြောင်းအမျိုးမျိုးဖြင့် ပြီးဆုံးအောင် သင်ကြားနိုင်ခြင်းမရှိဘဲ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံး ပညာသင်ကြားနိုင်ရေးကို ရှေးရှု၍ ဘက်စုံပညာရေးစနစ်သစ်ကို ပြောင်းလဲကျင့်သုံးလာခြင်းဖြစ်သည်။

ပညာရေးစနစ်သစ်တွင် ကလေးသူငယ်တိုင်း မူလတန်းပညာမသင်မနေရ ဥပဒေကို ပြဋ္ဌာန်းထားပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ “အကြောင်းအမျိုးမျိုးကြောင့် မူလတန်းအဆင့်ပညာရေးကို သင်ယူခွင့်မရရှိခဲ့သော သို့မဟုတ် သင်ယူပြီးမြောက်မှုမရှိခဲ့သော အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများသည် ကျောင်းပြင်ပ မူလတန်းပညာရေးကို သင်ယူရမည်”ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါများပါမှ အဆိုပါနိုင်ငံသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်စွမ်းမရှိသည့် အကြောင်းအမျိုးမျိုးရှိနေရာ ပညာရည်အဆင့်အတန်းအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအစီအမံများကို စီစဉ်ပြဋ္ဌာန်းဆောင်ရွက်နေသည်။

အခြေခံပညာကို အဆင့်လိုက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် ၎င်းတို့၏ဘဝ၊ ရည်ရွယ်ချက်၊ အခြေအနေများအပေါ်မူတည်၍ သင့်လျော်ရာကို ရွေးချယ်ဆောင်ရွက်နိုင်စေရန်အတွက် အခွင့်အလမ်းများရရှိလာပြီဖြစ်သည်။ အထက်တန်းအဆင့်တွင် ဘာသာတွဲလေးတွဲခွဲကာ မိမိတို့နှစ်သက်ရာဘာသာတွဲကို လေ့လာသင်ယူနိုင်သည်။ ယခင်စနစ်ဟောင်းပညာရေးစနစ်နှင့်မတူညီသည့်အချက်မှာ စနစ်သစ်ပညာရေးသည် စဉ်းစားတွေးခေါ်မှုကို အားပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးပေးခြင်း၊ ကလေးများ၏ မတူညီသည့်ဝါသနာနှင့် အတွေးအခေါ်များကို လွတ်လပ်စွာရွေးချယ်ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

အဆင့်မြင့်ပညာကို ဆည်းပူးမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် Grade -12 ကို ပြီးဆုံးအောင် သင်ကြားကာ အဆင့်မြင့်ပညာများကို ဆက်လက်ဆည်းပူးနိုင်သည်။ အခြေခံပညာတွင် KG+12 ပညာရေးစနစ်ကို သင်ကြားပေးရာ၌ Gread-9 အောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာကို ဆက်လက်မဆည်းပူးတော့ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားလိုပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုစသည်ဖြင့် ဝါသနာပါရာ အထူးပြုဘာသာရပ်များကို သင်ကြားနိုင်မည်ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ခရိုင် ၅၀ တွင် စက်မှု-စိုက်ပျိုး-မွေးမြူရေး အထက်တန်းကျောင်း ၅၀ ကို ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံပညာရေးကဏ္ဍ လိုအပ်ချက်ကို စနစ်သစ်ပညာရေးစနစ်ဖြင့် ပြောင်းလဲဖြည့်ဆည်းပေးနေပြီဖြစ်ရာ အခြေခံပညာအဆင့်တွင် ပညာသင်ကြားမှုမဆုံးရှုံးနိုင်တော့ဘဲ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် လိုအပ်နေသည့်လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/ လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကြေညာချက်

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၂၇-၁၀-၂၀၂၂) ရက်မှ (၁၈-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိအောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ဇန်းမော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျောင်းတော်ရာ ရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဂန္ဓဝိပဿနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ အနန္တရာယိကမင်္ဂလာ၊ အန္တရာယ်ကင်းမင်္ဂလာကို ကျင်းပရာ ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်တို့က ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ စေတီတော်ဂေါပက အလှည့်ကျသဘာပတိက ရတနာဆင်ဖြူတော်လေးကို ပေါက်ပေါက်များဖြင့် ကြဲပက်ပေးသည်။

**အဆောင်တော်တက်မင်္ဂလာ**

ယင်းနောက် ဂေဟပ္ပဝေသနမင်္ဂလာ၊ အဆောင်တော်တက်မင်္ဂလာကို ပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးကို ဆင်ဖြူတော်အဆောက်အဦအတွင်း မင်္ဂလာနေရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အာဟာရဘုဉ္ဇနမင်္ဂလာ၊ အစာအာဟာရကျွေးမွေးခြင်း မင်္ဂလာအဖြစ် ရတနာဆင်ဖြူတော်လေးကို အစာအာဟာရများကျွေးမွေးကြသည်။

ထို့နောက် ရဝိန္ဒုဒဿနမင်္ဂလာ၊ နေလပြမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ ရတနာဆင်ဖြူတော်လေးက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်ပူဇော်နိုင်စေရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက်ပေးကြပြီး နာမကရဏမင်္ဂလာ၊ ဘွဲ့နာမံအမည်တော်ပေးမင်္ဂလာအဖြစ် အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး၏ အမည်နာမံတော်အား ကြေညာသည်။

**ဘွဲ့နာမံတော်အပ်နှင်း**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ဖြစ်သည့် **"ရဋ္ဌ နန္ဒက" (ရဋ္ဌ = တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဘိဓာန်အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ဟု သုံးကြိမ်ခေါ်ဆိုကြပြီး တာဝန်ရှိပုဂ္ဂိုလ်များက ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေးကြသည်။

ယင်းနောက် ပဏ္ဏာကာရ ပရိသိဋ္ဌဒါနမင်္ဂလာ၊ ရတနာဆင်ဖြူတော်အား လက်ဆောင်၊ လက်ဖွဲ့ပေးအပ်ခြင်းမင်္ဂလာကိုပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ဆောင်လက်ဖွဲ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ဆင်ထိန်းမှ ကိုယ်စားလက်ခံရယူသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အာဟာရဘုဉ္ဇနမင်္ဂလာ၊ အစာအာဟာရကျွေးမွေးခြင်းမင်္ဂလာအဖြစ် ရတနာဆင်ဖြူတော်လေးကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရတနာဆင်ဖြူတော်လေးကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ဖြစ်သည့် "ရဋ္ဌ နန္ဒက" (ရဋ္ဌ = တိုင်းပြည်၊ နိုင်ငံ။ နန္ဒက = ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဘိဓာန် အပြည့်အစုံမှာ - တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဟု သုံးကြိမ်ခေါ်ဆိုကြပြီး တာဝန်ရှိပုဂ္ဂိုလ်များက ရတနာဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်ကို ဦးကင်းထက်တွင် ဆင်မြန်းအပ်နှင်းပေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ရတနာဆင်ဖြူတော် လေးအား ဘွဲ့နာမံတော်အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနား တက်ရောက်စဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက် အဘိသေကဗယမင်္ဂလာ၊ ရတနာဆင်ဖြူတော်အား ဘိသိက်တော် အောင်ပွဲမင်္ဂလာအဖြစ် အခမ်းအနားမှူးက **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** အမည်ရသည့် ရတနာဆင်ဖြူတော်လေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါ ကင်းပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးဘယာဝေးကွာ၍ သာယာဝပြော ဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အစာအာဟာရများကျွေးမွေး**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် **"ရဋ္ဌနန္ဒက " (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ရတနာဆင်ဖြူတော်လေးနှင့် ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။

**မွေးဖွားခဲ့**

အဆိုပါ ရတနာဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**ကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိ၍ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

**ဒသမမြောက်ဆင်ဖြူတော်**

ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၃ လ ၇ ရက်သားတွင် အရပ်အမြင့် ၂ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၂၆၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော်သို့ အောက်တိုဘာ ၂၇ တွင် ရောက်ရှိခဲ့ကာ ယခုအခါ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်းနှင့် ယခုရတနာဆင်ဖြူတော် **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**သည် ဒသမမြောက် ဆင်ဖြူတော်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရတနာ ဆင်ဖြူတော်လေးက ဥပ္ပါတသန္တိ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများကျွေးမွေးစဉ်။





## ရတနာဆင်ဖြူတော်လေး “ရဋ္ဌ နန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနား ပုံရိပ်များ












# မိုးမြင့်တောင်ပံ . . . တိမ်ယံထိုးဖွင့် . . . တံခွန်လွှင့်ပြီ

■ မောင်လတ်(ကမ်းရိုးတန်း) ■



လေသူရဲဟု...
ညွှန်းပြု...ဂုဏ်ဒြပ်
မှတ်ကျောက်တင်ရာ...
ကောင်းကင်ပြာ...တဲ့...

မှန်ပါသည်။ လေသူရဲကောင်းဟူသည် စစ်ရပ်နယ်ခွင် မိုးယံပြင်၌သာ မှတ်ကျောက်တင်ခံရမြဲဖြစ်၏။ လူသည် မြေမှာမွေးဖွား၊ မြေ၌ကျင်လည် မြေဝယ်ရုန်းကန်လှုပ်ရှားရသည်မှာ အစဉ်အလာဓမ္မတာပင်ဟု ဆိုရပါမည်။ သို့ရာတွင် သိပ္ပံနှင့်နည်းပညာနယ်ပယ် ဆန့်ထွက်ဖြန့်ကြက်မှု ကျယ်ပြောလာစေသမျှ သဘာဝကို ပြောင်းလဲစေတန်ရာသော အကြောင်းခြင်းရာများ စူးစမ်းရှာဖွေ တွေ့ရှိလာခဲ့ကြပေသည်။ ထိုအခါ လေကြောင်းပညာရပ်၏ ကြီးမြင့်သောဂုဏ်ဒြပ်နှင့် ထိရောက်သောအရေးပါမှုများသည် စွမ်းအားကြီးတစ်ခုသဖွယ်ဖြစ်လာပြီး သိသိသာသာထင်ရှားလာခဲ့ပါသည်။

မြေမှလူသားသည် ကောင်းကင်ဖျားဝယ် စွန့်လွှတ်စွန့်စား လုပ်နိုင်စွမ်းဖြင့် သဘာဝတရားကို အောင်လံထူအနိုင်ယူရလိမ့်မည်။ ယင်းကိစ္စမှာ လူတိုင်းလုပ်နိုင်ရန် ခက်ခဲပါ၏။ လုပ်နိုင်ခဲသည့်ကိစ္စရပ်ကို လုပ်နိုင်စွမ်းရှိရန် အခြေခံတွန်းအားပေးသည်မှာ လေကြောင်းပညာ လေကြောင်းစွမ်းရည်ပင်။ စင်စစ်လေကြောင်းပညာရပ်သည် လေသူရဲများ မွေးဖွားပေးလိုက်ခြင်းဖြင့် လေကြောင်းစွမ်းရည်မြင့်မားလာကာ စစ်တံခွန်နယ် ဖွင့်သထက်ဖွင့်၊ မြင့်သထက်မြင့်လာခဲ့သည်မှာ ခိုင်လုံသောအကြောင်းတစ်ရပ်ဟု ဆိုနိုင်လောက်ပါ၏။ ဆိုနိုင်ပါ၏။

**စိန်ရတုကာလရောက်ရှိပေတော့မည်**

၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပေါက်ဖွားလာသည့် တပ်မတော်(လေ)သည် ယနေ့ဆိုလျှင် စစ်၏အားမောင်းပြည့်ခဲ့လေပြီ။ အချိန်ကာလ ထုဆစ်ကြည့်သော် လာမည့်ဒီဇင်ဘာ ၁၅ ရက်ဆိုလျှင် (၇၅)နှစ်ပြည့် စိန်ရတုကာလရောက်ရှိပေတော့မည်။ စစ်လက်ရုံးပီပီ တိုင်းပြည်အတွက် ထမ်းရွက်ခဲ့ရသည့် စစ်တာဝန်များကား မသေးလှ၊ လေးပင်လွန်းလှပေသည်။ သို့သော် ရှုံ့ကြောက်မဲ့တွန်နိုင်ငံ့ဝန်ကို ဦးလည်မသုန်ထမ်းရွက်ကျေပွန်ခဲ့သည်။ တပ်မတော် (လေ)၏ အဓိကတာဝန်မှာ "ပျံသန်းရေး" ဖြစ်၏။ အဆိုပါ ပျံသန်းရေးခေါင်းစဉ်အောက်တွင် စက်မှုပိုင်းဆိုင်ရာတည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ဆန်းသစ်၊

**"၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပေါက်ဖွားလာသည့် တပ်မတော်(လေ)သည် ယနေ့ဆိုလျှင် စစ်၏အားမောင်းပြည့်ခဲ့လေပြီ။ အချိန်ကာလ ထုဆစ်ကြည့်သော် လာမည့်ဒီဇင်ဘာ ၁၅ ရက်ဆိုလျှင် (၇၅)နှစ်ပြည့် စိန်ရတုကာလရောက်ရှိပေတော့မည်။ စစ်လက်ရုံးပီပီ တိုင်းပြည်အတွက် ထမ်းရွက်ခဲ့ရသည့် စစ်တာဝန်များကား မသေးလှ၊ လေးပင်လွန်းလှပေသည်။ သို့သော် ရှုံ့ကြောက်မဲ့တွန်နိုင်ငံ့ဝန်ကို ဦးလည်မသုန်ထမ်းရွက်ကျေပွန်ခဲ့သည်။ တပ်မတော် (လေ)၏ အဓိကတာဝန်မှာ "ပျံသန်းရေး" ဖြစ်၏။ အဆိုပါ ပျံသန်းရေးခေါင်းစဉ်အောက်တွင် စက်မှုပိုင်းဆိုင်ရာ တည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ဆန်းသစ်၊ ပြင်ဆင်ဟူသည့် နည်းပညာရပ်များ နယ်ပယ်နှင့် လေသူရဲတို့၏ မောင်းနှင်မှု အတတ်ပညာပိုင်းများလည်း ဆက်စပ်ပါဝင်နေပါ၏။ ယုတ်စွအဆုံး တပ်မတော် (လေ)၊ လေကြောင်းပညာ၊ စက်မှုပညာ နည်းနိဿယ၊ ပျံသန်းရေးအတတ် စသည်တို့မှာ အဆင့်ဆင့်သော "ဆက်ကြောင်းဆက်ထုံး" များပင်တည်း"**

ပြင်ဆင်ဟူသည့် နည်းပညာရပ်များနယ်ပယ်နှင့် လေသူရဲတို့၏ မောင်းနှင်မှု အတတ်ပညာပိုင်းများလည်း ဆက်စပ်ပါဝင်နေပါ၏။ ယုတ်စွအဆုံးတပ်မတော်(လေ)၊ လေကြောင်းပညာ၊ စက်မှုပညာ နည်းနိဿယ၊ ပျံသန်းရေးအတတ် စသည်တို့မှာ အဆင့်ဆင့်သော "ဆက်ကြောင်းဆက်ထုံး" များပင်တည်း။

မြန်မာနိုင်ငံသို့ လေယာဉ်မောင်းနှင်ခြင်း အတတ်ပညာ စတင်ရောက်ရှိလာသည်မှာ ၁၉၃၄ ခုနှစ် နယ်ချဲ့လက်အောက်ခံဘဝဖြစ်၏။ ထိုနှစ် ဧပြီလတွင် "ရန်ကုန်လေယာဉ်မောင်းကလပ်" ကို ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်တွင် ဗမာ့အပျော်တမ်းလေတပ်ကို ဖွဲ့စည်းခဲ့ရာ သင်တန်းသား ၁၂ ဦးကို သင်တန်းပေးခဲ့ပြီး ယင်းမှအောင်မြင်သူ ကိုးဦးကို အိန္ဒိယနှင့် နယူးဇီလန်သို့ စေလွှတ်ကာ တန်းမြင့် လေယာဉ်မောင်းသင်တန်းတက်စေခဲ့ကြောင်း သိရှိရသည်။ ၁၉၄၄ ခုနှစ် ဂျပန်ခေတ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) မှ လေကြောင်းပညာသင် ၁၀ ဦး ဂျပန်ပြည်သို့ စေလွှတ်၍ လေကြောင်းပညာရပ်များကို သင်ကြားစေခဲ့ကြောင်းလည်း သိရှိခဲ့ရသည်။ ယင်းဗမာ့အပျော်တမ်းလေတပ်မှသည် မြန်မာ့လေတပ်မတော်ဖြစ်လာပြီး ထိုမှဆက်၍ဆက်ကာ တပ်မတော်(လေ) ဖွဲ့စည်းပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ သမိုင်းပုံရိပ် စစ်ပုံရိပ်အဖြစ် မှတ်တမ်းရှိနှင့်ခဲ့ပါ၏။ ဤတပ်မတော်(လေ) သမိုင်းထဲမှ ထပ်မံဆွဲထုတ်ရမည့် သမိုင်းတစ်ကွေ့ အရွေ့တစ်ခုမှာ လေယာဉ်မောင်းသင်ကျောင်းပင်တည်း။

လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံတွင် လေယာဉ်မောင်းသင်တန်းကျောင်းဟူ၍ ဖွဲ့စည်းထားခြင်းမရှိခဲ့ပါ။ တပ်မတော်(လေ) ဖွဲ့စည်းပေါ်ထွက်ခဲ့ပြီး နှစ်နှစ်နှင့်ခြောက်လအကြာ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်တွင်မှ မင်္ဂလာဒုံလေတပ်စခန်းဖွဲ့စည်းခြင်းနှင့်အတူ လေယာဉ်မောင်းသင်တန်းကျောင်း ပါဝင်ဖွဲ့စည်းလာခဲ့ခြင်း ဖြစ်ပေသည်။ ထိုစဉ်က အမောင်းသင်လေယာဉ်များမှာ တိုက်ဂါးမော့သ်လေယာဉ်များဖြစ်ပြီး တပ်မှူးမှာ ဗိုလ်ကြီးသောင်းဒန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသော လေယာဉ်မောင်းသင်တန်းကျောင်းအဖြစ် မင်္ဂလာဒုံ၌ အမြုတေဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၏။ ထိုမှတစ်ဆင့် မှော်ဘီလေတပ်၊ မိတ္ထီလာလေ့ကျင့်ရေးလေတပ်၊ မိတ္ထီလာလေကြောင်း အတတ်သင်လေတပ် စသည်ဖြင့် အဆင့်ဆင့်ပြောင်းရွှေ့ဆောင်ရွက်ဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ပင်။ ယခုအချိန်တွင်တော့ မိတ္ထီလာလေကြောင်းအတတ်သင်လေတပ်စခန်းမှာ ဌာနချုပ်အဆင့်တိုင် ဖွဲ့စည်းပုံမြင့်မားလာသကဲ့သို့ လေယာဉ်မောင်းသင်ကျောင်း၏ ဖွဲ့စည်းပုံမှာလည်း မြင့်မားလာခဲ့လေပြီ။ ဆွဲဆန့်ကြည့် တည်ရာရပ်ဝန်း အညာမြို့ပင်။

**စက်မှုနည်းပညာရပ်များ ဖွံ့ဖြိုးလွှမ်းခြုံနေသည့်ဒေသ**

မိတ္ထီလာမြို့ကလေးသည် မြန်မာပြည်အလယ်ပိုင်းတွင်ရှိကြောင်း သိသူများပါလိမ့်မည်။ ကျွန်တော်ကမူ အကြောင်းအမျိုးမျိုးနှင့် ဤမြို့ကလေးကို ဖြတ်သွားဖြတ်လာ အကြိမ်ကြိမ်ရှိနှင့်၍ ကျေးလက်ဆန်သော မြို့ကလေးအဖြစ် နှစ်အတော်ကြာကပင် သိနှင့်နေခဲ့ပြီးဖြစ်၏။ တပ်စခန်းများဝန်းရံနေသဖြင့် လုံခြုံမှုအရ နွေးထွေးသောအနေအထားရှိလိမ့်မည်။ ခရီးလမ်းပန်းအရလည်း အထက်အောက်ကုန်စည်စီးဆင်း ဆုံစည်းရာဒေသဖြစ်၍ စည်ကားဖွံ့ဖြိုးမှု ပြည့်စုံပါလိမ့်မည်။ ကျေးလက်အသိုင်းအဝိုင်း၏ အပြိုင်းအရိုင်း သိုင်းဖွဲ့မှုအစုအစည်းကလည်း အားကောင်းနေပြန်သည်။ ထိုမျှဤမျှ ဝိသေသနောက်ခံများသည် ထူးခြားမှုများလား စဉ်းစားစရာပင်။ တကယ်တော့ တမာ၊ ကုက္ကိုစိမ်းမြသိုသည့် အညာရပ်ဝန်းလေးတစ်ခုအနေဖြင့် စိတ်ခံစားမှု သက်သက်သာဖြစ်၏။ ထူးခြားမှု ထိုသို့မဟုတ်နိုင်ပါ။ ဤမြို့ကလေးကိုရောက်တိုင်း မိုးပြင်နှင့် မြေလွှာအတက်အဆင်း ပြုလုပ်နေကြသည့် လေယာဉ်၊ ရဟတ်ယာဉ်များမြင်ကွင်း ပြီးတော့ ဆူညံနေသည့် ဂျက်အင်ဂျင်လေယာဉ်စက်သံများ စသည်တို့၏ ဆွဲဆောင်မှုကလည်း အားကောင်းနေပြန်သည်။ သည်တော့မှ ဤဝန်းကျင် ဤဒေသသည် စက်မှုနည်းပညာရပ်များ ဖွံ့ဖြိုးလွှမ်းခြုံနေသည့် ဒေသတစ်ခုပါလားဟူသော အသိဝင်လာစေပြန်သည်။ စူးစမ်းမှုပြုလာစေပြန်သည်။ စိတ်အထာကိုလိပ်ပြာသန့်၍ တစ်ဆင့်တက်ကြည့်သောအခါ မိတ္ထီလာမြို့ကလေးသည် လေကြောင်းလွင်ပြင်ကြီး တစ်ခုနယ် မြင်လာသည်။ ကြည့်လေ။ဤဒေသတွင် လေတပ်စခန်းကြီးများ အခြေစိုက်၏။ လေကြောင်းဆိုင်ရာ ခေတ်သိပ္ပံနှင့် နည်းပညာရပ်များ အားပြိုင်ရာ ဆုံစည်းရာ ပွတ်တိုက်ရာရပ်ဝန်းကြီးတစ်ခုအဖြစ် ပညာခေတ်၏ စီးမျောမှုအဟုန်နှင့် ကြီးမားသော ဥပမိကို ဖြစ်စေကြောင်း မြင်လာ၏။ ထို့ပြင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၏ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း ၇၂ နှစ်ကျော် သက်တမ်းရှိ လေယာဉ်မောင်းသင်ကျောင်း တည်ရှိနေခြင်းဖြစ်သည်။ ယင်းသည် တန်ဖိုးထုထည်ကြီးလှသည့် သမိုင်းရင်းမြစ်အမွေအနှစ်ကို သံမဏိရှည်ကြာ ထွေးပိုက်ထိန်းသိမ်းထားခြင်းဖြင့် ဂုဏ်ယူစရာဖြစ်ရပြန်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အတွင်းသို့ ခရီးသွားဧည့်သည်အဖြစ် ရောက်ရှိခဲ့ပြန်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် အမှတ်စဉ် (၈၄) လေယာဉ်မောင်းသင်တန်း၏ တောင်ပံအပ်နှင်းပွဲနှင့် ကြုံကြိုက်နေပါ၏။

နေရောင်ခြည်အလင်းတန်းက ရွှေရောင်ပြိုးပြိုးပြက်ပြက် ယှက်သန်းစ၊ လှပသောနံနက်ခင်း၊ ဖူးသစ်စ အရုဏ်ဦးပင်၊ သဘာဝတရား၏ စေစားမှုအပြင် ကျောင်းဆင်းပွဲ မွမ်းမံပြုပြင်ထားရှိမှုများ။ လေတပ်စခန်းဌာနချုပ်တည်ရာ ရပ်ဝန်းသည် ကျယ်ပြောလှပါ၏။ သစ်ပင်ကြီးငယ်များ အုံ့ဆိုင်းလျက် စိမ်းစိမ်းလန်းလန်း တပ်တွင်းလမ်းဘေးဝဲယာတစ်လျှောက် ကြီးမားသည့် တမာ၊ ကုက္ကို၊ ပိတောက်၊ မဲဇလီပင်တို့ကြောင့် ရင်ကိုအေးမြစေသည်။ အနောက်ဘက်ကျကျတွင် တစ်မျှော်တစ်ခေါ် ရှည်လျားနက်မှောင်သည့် လေယာဉ်ပြေးလမ်း ပြီးတော့ စစ်ရေးပြကွင်းနေရာ၊ တောင်ပံအပ်နှင်းပွဲကျင်းပမည့်နေရာ ပြင်ဆင်ထားမှု၊ ဌာနချုပ်/ စခန်း/ အုပ်တပ်များ၏ အလံများက တလူလူလွင့်လျက် လူပျံတော်ရုပ်တုနှင့် သိန်းငှက်နဖူးစည်းပါမုခ်ဦးတို့ကလည်း သူ့နေရာနှင့်သူ အလွန်ကျက်သရေရှိလှပါ၏။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါ၏။

**လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီး၏ ခံ့ထည်မှု**

သည်မှာဘက်ကိုကြည့်မိပြန်တော့ သင်တန်းသားလေသူရဲလောင်းအမျိုးသား၊ အမျိုးသမီးများနေထိုင်ရာ သီးခြားအဆောင်များ၊ သင်ခန်းစာပို့ချမည့် စာပေဌာနကလည်း တသီးတသန့်၊ လေယာဉ်မောင်း သင်တန်းသားများ လေ့ကျင့်ရာကျောင်းကလည်း သတ်မှတ်ထားရှိပြီး စနစ်တကျ၊ ထူးခြားသည်မှာ အဖြူရောင် ထီးထီးမားမားရပ်နေပြီး လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီး၏ ခံ့ထည်မှုပင်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

အဆောက်အအုံ၏ ကြံ့ခိုင်မှုနှင့် ဗိသုကာပညာလက်ရာ၏ ဆွဲဆောင်မှုကြောင့် ကျွန်တော်တဒင်္ဂ ငေးမောမိသည်။ အတွေးသည် ရင်ထဲတွင်တလှပ်လှပ်၊ ဤရပ်မြေ ဤကျောင်းမဟာသည် စွန့်လွှတ်စွန့်စား လေသူရဲဇာနည်အပေါင်းကို မွေးထုတ်ပေးရာ အောင်မြေအရပ်ပါလားဟူသောအသိဖြင့် အံ့သြလေးစားစိတ်ဖြစ်မိသည်။ တစ်ဆက်တည်း အတွေးဝင်လာသည်မှာ ယခင့်ယခင်ကာလများစွာက အရပ်ဘက်လေယာဉ်မှူးများကိုပင် မွေးထုတ်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်းအသိကြောင့် သမိုင်း၏အရှိတန်ဖိုးအဖြစ် လေးလေးနက်နက် ဂုဏ်ယူမိပါသည်။



လေယာဉ်မောင်းသင်တန်းကျောင်း၏ ဆောင်ပုဒ်မှာ အာကာသ၊ ဝိဇ္ဇာ၊ သိဒ္ဓိတဲ့။ မိုးယံပြင်ကို အတတ်ပညာဖြင့် လွှမ်းမိုးပြီးမြောက်အောင်နိုင်ခြင်းဟု ဆိုလိုဟန်တူပါသည်။ စင်စစ်လေသူရဲတစ်ဦးဖြစ်လာရန်မှာ မလွယ်ကူလှပါ။ သာမန်သတ္တိနှင့် ဖွဲ့ရှိခြင်းသက်သက်မျှဖြင့် မလုံလောက်ပေ။ အသိနှင့်သတိမြဲမြံခြင်းအပြင် ဘာသာဗေဒကျွမ်းကျင်ရန်လည်း လိုအပ်သည်။ တစ်ဖက်မှာကြည့်လျှင် သင်ကြားသူနှင့် နာယူသူအပိုင်းဖြစ်၏။ သာမန်ဆရာ တပည့်ပုံစံထက် ထဲထဲဝင်ဝင်ရှိရပါမည်။ အသက်နှင့် ထပ်တူပြုကာ သင်ကြားရသည့် သင်တန်းဖြစ်၍ ရင်းနှီးမှုနှင့်စေတနာအပြင် ယုံကြည်မှုကို တည်ဆောက်ရသည်။ သို့မှသာ သင်တန်းဆရာနှင့်သင်တန်းသား တပည့်ကြားတွင် သွေးသားချင်းတူမျှ စီးမျောကာ နွေးထွေးမှုဖြစ်လာမည်။ ထိုအခါ တပည့်ဖြစ်သူ၏ နှလုံးသားထဲမှ စိမ့်ထွက်လာသည့် ဂါရဝသံစဉ်လေးတစ်ခုမှာ "ဆရာ" ဟူသော အသုံးအနှုန်းလေးဖြစ်တည်လာပါ၏။ ချိုမြိန်သော ပီတိ သုခနှင့် ထုံမွှမ်းနေပါ၏။ တစ်ဘဝစာပင်။ တပ်မတော်(လေ)တွင်သာ ရှိပါသည်။

## စကြဝဠာတိုင် ထိုးဖောက်ဝင်ရောက်

လေသူရဲများ၏ လုပ်ငန်းမှာ ပျံသန်းရေးဖြစ်ပြီး တာဝန်မှာ စစ်ဆင်ရေးဖြစ်၏။ စွန့်လွှတ်စွန့်စားရသောဖြစ်စဉ်မှာ ကိုယ်နှင့်မကွာ အမြဲရှိနေသည်ဖြစ်ရာ မည်မျှခက်ခဲလိမ့်မည်ကို ကိုယ်ချင်းစာမိပါသည်။ ဤမျှ ခက်ခဲသောတာဝန်ကို ထမ်းဆောင်နေသည်မှာ သာမန်ကိုယ်ကျိုးစွန့်ရာ စိတ်လေးမျှကြောင့် မဟုတ်ပေ။ နှလုံးသားထဲတွင် ကိန်းဝပ်စွဲနစ်နေသည့် "မျိုးချစ်စိတ်ဓာတ်" ကြောင့်ဖြစ်ကြောင်း လေသူရဲတိုင်း သိနားလည်ပါလိမ့်မည်။ လူ့သမိုင်းတွင် ပြောင်းလဲနေသောခေတ်စနစ်နှင့်လျော်ညီစွာ စစ်ပွဲများ၏ ပုံသဏ္ဌာန်မှာလည်း ပြောင်းလဲလာခဲ့လေပြီ။ စစ်ပွဲတစ်ပွဲ၏ ရေချိန်နှင့်ထိန်းချုပ်နိုင်စွမ်း အတက်အကျကို လေကြောင်းစွမ်းအားကသာ ဖန်တီးနိုင်စွမ်းရှိကြောင်း နိုင်ငံတကာစစ်နယ်ပယ်အသီးသီးက လက်ခံလာကြပြီဖြစ်၏။ တစ်ခုတော့ရှိပါသည်။ စစ်တို့မည်သည် အလျင်အမြန် တုံ့ပြန်နိုင်စွမ်းရှိခြင်းကသာလျှင် ယင်းစစ်ပွဲအပေါ် အသာစီးရယူနိုင်သည့် ပဏာမခြေလှမ်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ မြေပြင်၊ ရေပြင်၊ ဝေဟင်ကိုဆန့်ကွန်ရက်ဖြန့်နိုင်သည့် ကြီးမားသောစွမ်းရည်ကို ကိုင်တွယ်မောင်းနှင်နိုင်စွမ်းသည် လေကြောင်းပညာရပ်တွင်သာ တည်ရှိသည်ကတော့ အမှန်ပင်ဖြစ်၏။ လေကြောင်းသိပ္ပံပညာရပ်သည် အာကာသတစ်ခွင်သာမက စကြဝဠာတိုင် ထိုးဖောက်ဝင်ရောက်နေသည့်ခေတ်သို့ ရောက်နေပြီဟု ပြောရပေလိမ့်မည်။

> "လေသူရဲများ၏ လုပ်ငန်းမှာ ပျံသန်းရေးဖြစ်ပြီး တာဝန်မှာ စစ်ဆင်ရေးဖြစ်၏။ စွန့်လွှတ်စွန့်စားရသောဖြစ်စဉ်မှာ ကိုယ်နှင့်မကွာ အမြဲရှိနေသည်ဖြစ်ရာ မည်မျှခက်ခဲလိမ့်မည်ကို ကိုယ်ချင်းစာမိပါသည်။ ဤမျှခက်ခဲသောတာဝန်ကို ထမ်းဆောင်နေသည်မှာ သာမန်ကိုယ်ကျိုး စွန့်ရာစိတ်လေးမျှကြောင့် မဟုတ်ပေ။ နှလုံးသားထဲတွင် ကိန်းဝပ်စွဲနစ်နေသည့် "မျိုးချစ်စိတ်ဓာတ်" ကြောင့်ဖြစ်ကြောင်း လေသူရဲတိုင်း သိနားလည်ပါလိမ့်မည်"

နိုင်ငံတကာစာမျက်နှာဝယ် ကမ္ဘာသည် ရွာကြီးတစ်ရွာအဖြစ် သုံးသပ်လက်ခံလာကြသည်။ ထို့အတူ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်းလေကြောင်းစွမ်းအား မြင့်မားလာရေးကိုအလေးထားလာနေကြပြီဖြစ်၏။ တပ်မတော်(လေ) အနေဖြင့်လည်း လေကြောင်းစွမ်းအားအခြေခံသည့် လေယာဉ်မောင်းသင်ကျောင်းမှ လူချွန်လူမွန် လေသူရဲကောင်းများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ တပ်အင်အားဖြည့်ခြင်းဖြင့် နိုင်ငံအင်အားပြည့်စေလိုခြင်းသဘောအပြင် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်မှုအတွက်ပါ စံချိန်စံညွှန်းကောင်းသည့် အားမောင်းများဖြစ်လာပေလိမ့်မည်။ လေ့ကျင့်ရေးပိုင်းမှာကြည့်လျှင် လေကြောင်းစွမ်းအားမြင့်မားရေးအတွက် သင်တန်းများ အဆင့်ဆင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရသည်။ အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်းစသည်ဖြင့် စနစ်တကျလေ့လာ၊ လေ့ကျင့်၊ ဆည်းပူးသင်ကြားစေခဲ့သည်။ တိုက်ခိုက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရဟတ်ယာဉ်အစရှိသည့် လေယာဉ်အမျိုးအစားအလိုက် ဆင့်ကာဆင့်ကာ ကြိုးစားဆောင်ရွက်ရခြင်းဖြင့် လူအင်အား၊ စိတ်အင်အား ရင်းနှီးမှုကဖြင့် မသေးလှပါ။

လေသူရဲများ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ယနေ့ခေတ်တွင် ထူးခြားမှုများ ရှိလာနေပါသည်။ လေသူရဲအဖြစ် အမျိုးသားများသာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်နေခြင်းမဟုတ်တော့၊ အမျိုးသမီးများ ပါဝင်လာနေပြီဖြစ်၏။ မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများအဖြစ် လမ်းဖွင့်ဆောင်ရွက်ပေးခဲ့သည်မှာ ကာလအတန်ကြာခဲ့လေပြီ။ တပ်မတော်(လေ)တွင် ၂၀၁၈ ခုနှစ်မှ စတင်ကာ အမျိုးသမီးလေသူရဲများ မွေးထုတ်လာခဲ့သည်။ ၂၀၁၈ ခုနှစ် အမှတ်စဉ် (၈၀) တွင် အမျိုးသမီးသီးသန့်သင်တန်းဖြင့် လေသူရဲအမျိုးသမီး ခြောက်ဦး ပေါ်ထွက်ခဲ့ပြီးဖြစ်၏။ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ ခုနှစ်တို့တွင် ဆက်တိုက်ဆိုသလို အမှတ်စဉ်အနေဖြင့် (၈၁)၊ (၈၂)၊ (၈၃) စသည်ဖြင့် အမျိုးသား၊ အမျိုးသမီး ပူးတွဲသင်တန်းများဖွင့်၍ ဆောင်ရွက်လာခဲ့သည်။ အမှတ်စဉ်(၈၁)တွင် အမျိုးသမီး ငါးဦး၊ (၈၂) တွင် ငါးဦး၊ (၈၃) တွင် လေးဦး ရှိခဲ့ပြီဖြစ်၏။ ယခု ၂၀၂၂ ခုနှစ် အမှတ်စဉ်(၈၄) တွင် အမျိုးသမီး လေသူရဲသုံးဦး ပါဝင်နေပြီး မကြာမီကျောင်းဆင်းတောင်ပံ အပ်နှင်းခြင်းခံရပေတော့မည်။

ယခင်က တပ်မတော်(လေ)တွင် အမျိုးသမီးစစ်မှုထမ်းအဖြစ် အရာရှိ/ အခြားအဆင့်စသည်ဖြင့် တာဝန်ထမ်းဆောင်ခြင်းများရှိခဲ့သော်လည်း အုပ်ချုပ်ရေးပိုင်းတွင်သာရှိခဲ့ပါ၏။ အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသူ အရာရှိအမျိုးသမီးများမှာ အုပ်ချုပ်ရေးပညာကို အင်္ဂလန်တွင် တက်ရောက်ခဲ့ကြသည်။ အသုတ် သုံးသုတ်ခွဲကာ တပ်မတော်(လေ)တွင် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ကြောင်း သိရှိရသည်။ ထိုအရာရှိများထဲမှ လေ ၁၁၅၇ ဗိုလ်ကြီးဒေါ်လှသန်းသည် ထိုစဉ်က မော်ဘီလေတပ်စခန်း (Glider Flying Club) တွင် စက်မဲ့လေယာဉ် (Glider) ကို မောင်းနှင်ခဲ့ဖူးကြောင်း လေ့လာသိရှိရသည်။

## ကောင်းမြတ်သောအစဉ်အလာ

တပ်မတော်(လေ)တွင် အမျိုးသမီးလေသူရဲများအနေဖြင့် သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ရဟတ်ယာဉ်များတွင် တာဝန်ထမ်းဆောင်ခွင့်ရနေပြီဖြစ်သည်။ အချို့မှာ တိုက်ခိုက်ရေးလေယာဉ်အုပ်များတွင်ပါ တာဝန်ထမ်းဆောင်လာနေပြီဆိုသောအခါ အလွန်ဂုဏ်ယူစရာအဖြစ် သိမြင်လာပါသည်။ ဤသည်မှာ ကောင်းမြတ်သောအစဉ်အလာပင်တည်း။ အမျိုးသမီးတို့ စွမ်းရည်ကိုအသိအမှတ်ပြုကာ အနာဂတ်အတွက် တွန်းဖွင့်ပေးလိုက်သည့် တံခါးတစ်ချပ်ပင် မဟုတ်ပါလား။ ကမ္ဘာ့လေကြောင်းသမိုင်းတွင် ၁၉၁၀ ပြည့်နှစ် ကမ္ဘာ့ပထမဆုံး အမျိုးသမီးလိုင်စင်ရ လေသူရဲ ပြင်သစ်လူမျိုး ဘရော်နီဒီလာရိုချီမှ စတင်ကာ စစ်ဘက်/ အရပ်ဘက် လေကြောင်းလောကတွင် အမျိုးသမီးများ ပါဝင်လာကြောင်း သိရှိခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ရုရှားလူမျိုး အမျိုးသမီး ဗလာဒီနာတီရှယ်ကိုဖာသည် ပထမဆုံးအမျိုးသမီး အာကာသယာဉ်မှူးအဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ထိုစဉ်ကပင် အာကာသတိုင် ထိုးဖောက်ခြင်းများ ရှိလာခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့လေကြောင်းထိပ်သီး ဥရောပနိုင်ငံများတွင် အရပ်ဘက်/ စစ်ဘက် ပျံသန်းမှုနယ်ပယ်အသီးသီး၌ အမျိုးသမီးများ ပါဝင်လာမှုများပြားလာနေပြီဖြစ်ကြောင်း သိရှိရသည်။ အသံထက်မြန်သော တိုက်လေယာဉ်မှူးများပင် ရှိလာနေပြီဖြစ်၏။ စင်စစ်လေကြောင်းစွမ်းအားဟူသည် ခေတ်သိပ္ပံကိုအခြေခံကာ အာကာသရပ်ဝန်းတိုင် ထိုးထွက်ဆန်တက်ချုပ်ကိုင်နိုင်သည်ဖြစ်ရာ စွမ်းရည်အနေဖြင့် ကြီးကျယ်လွန်းလှပေသည်။ တပ်မတော်(လေ)တွင် အမျိုးသမီးလေသူရဲများ လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် မြန်မာ့လေကြောင်း တစ်ခေတ်ဆန်းသစ်လာပြီဟု ဆိုနိုင်လောက်ပါ၏။ တစ်နည်းပြောရလျှင် အမျိုးသား၊ အမျိုးသမီးလုပ်ငန်းနှင့် တာဝန်ထမ်းဆောင်နိုင်သည့် စွမ်းရည်တို့ကို အတွင်းကျကျ ရှုမြင်သုံးသပ်ဖွင့်ပေးလိုက်ခြင်းဟုဆိုချင်ပါသည်။ လေကြောင်းပညာရပ်သည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမြင့်တက်လာနေသည်နှင့်အမျှ အသစ်အသစ်သော တီထွင်ကြံဆမှုတို့အတွက် လေယာဉ်၊ ရဟတ်ယာဉ်ဆိုင်ရာကိစ္စများ အမြဲမပြတ် လေ့လာ၊ လေ့ကျင့်၊ ကြံဆနေရမြဲဖြစ်သည်။ မီးနာမှ သံကောင်း၊ သံကောင်းမှ ဓားထက်တဲ့၊ အမြဲတမ်း လေ့ကျင့်နေရပေလိမ့်မည်။

နေအရုဏ်သည် နုရာမှရင့်လာနေပြီ။အသစ်အသစ်တို့၏ တွန်းတိုက်မှု နိယာမပင်။ အညာမြေ၏ မိုးနှောင်းစကာလ မနက်ခင်းရာသီဥတုသည် ကြည်ကြည်လင်လင် ရှင်းရှင်းသန့်သန့်၊ ပြာလွင်သော ကောင်းကင်ဝယ် တိမ်ဖြူစ ပါးပါးလေးများ ဟိုတစ်စသည်တစ်စ လွင့်မျောလျက်။ လေအဟုန့်တွင် တောပန်းတောင်ပန်းလေးများ၏ ရနံ့မွှေးကြိုင် သင်းထုံယစ်ရီနေဆဲ။ လွင့်ပျံလာသည့်အသံ ချိုးကူသံနွဲ့နွဲ့လေး။

## လေကြောင်းလွင်ပြင်ကြီးတစ်ခု

သြော်...ပန်းကလေးများပင် ဖူးတံချီပင့် ငုံကာပွင့်လို့ ကြိုဆိုနေကြလေပြီလား၊ ကြိုဆိုကြမည်ပေ့ါ။ အမှတ်စဉ်(၈၄) လေသူရဲတောင်ပံအပ်နှင်းပွဲလေး၊ ပြီးတော့ ဤရပ်မြေအနေအထား ရေခံမြေခံကိုကြည့် လေသူရဲတို့မွေးဇာတိ တပ်မတော်(လေ)၏ ဘူမိနက်သန်၊ နိုင်ငံ၏ လေကြောင်းစွမ်းအား ဗဟိုချက်ဟုပင် ထောမနာပြုချင်ပါ၏။ သို့သော် ဤဝိသေသ အမွှမ်းတင်ရုံမျှနှင့်ပင် လုံလောက်သည်ဟု မထင်တော့။ စေ့စေ့ကြည့်ရေးရေးပေါ်တဲ့၊ ဤမြို့ကလေးနယ်ပယ်ဒေသ အဝန်းအဝိုင်းကိုပင် လေကြောင်းပညာ သိပ္ပံနည်းနိဿယများဖြင့် ထုံမွှမ်းလျှမ်းပက်ရာ လေကြောင်းလွင်ပြင်ကြီးတစ်ခု ဖြစ်နေခြင်းကြောင့်ပင်။

ဤအမှတ်စဉ်(၈၄) တောင်ပံအပ်နှင်းပွဲ ကျောင်းဆင်းလေသူရဲမောင်မယ်များ၏ သင်တန်းဆင်းပွဲအခမ်းအနား စပေတော့မည်။ ဧည့်ဆောင်အတွင်းဝယ် ဖိတ်ကြားထားသည့် ဧည့်သည်များပင် တဖွဲဖွဲရောက်ရှိလာနေပြီ၊ သက်ငြိမ်ပန်းချီကားသည် သက်ဝင်လှုပ်ရှားလာပေတော့မည်။ သည်တော့ တိုက်ပွဲဝင်မည့် မြားကောင်းတစ်စင်းမြင်းကောင်းတစ်စီးနယ် အားမာန်ဟုန်အပြည့်အပြည့်။

စာမျက်နှာ ၈ သို့ ■

# ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ ဂုဏ်ပြုဆုငွေ၊ ဝန်ထမ်းဝတ်စုံများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ၊ ဝန်ထမ်းဝတ်စုံများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် စတုတ္ထအကြိမ်မြောက် ကျင်းပသည့်ပွဲဖြစ်ပြီး ပုလဲအတွဲ ၃၆၂ တွဲ၊ ကျောက်မျက်အတွဲ ၅၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၁၈၃၆ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီးကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင် ရောင်းချခဲ့သည့် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ဝယ်ယူရရှိခဲ့သည့် နိုင်ငံသား ရတနာကုန်သည်များအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်စေခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေး အလေးထားဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကူညီပံ့ပိုးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ဝန်ထမ်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၂၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၂၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၇ မှ

လေသူရဲတောင်ပံအပ်နှင်းခံရမည့် လေသူရဲမောင်မယ်လေးများသည် အရွယ်နုပျိုခြင်းနှင့်အတူ ပခုံးပြောင်းတာဝန် လက်ဆင့်ကမ်းအမွေရယူခြင်းများပင် ဖြစ်ပါ၏။ ၎င်းတို့၏အနာဂတ်မှာ ၎င်းတို့၏လက်ထဲတွင်ရှိ၏။ သည်အခါ သမိုင်းဟူသောအမြင်အရ မိမိသမိုင်းလှမှ မိမိအနာဂတ်လှမည်ဟူသော ခံယူချက် စွဲထင်လာပေလိမ့်မည်။ သူတို့တွင် အားမာန်အပြည့်ရှိသည်။ အရာရာကို ပြီးမြောက်စေတန်ရာသည့် လုပ်နိုင်စွမ်းလည်းရှိကြသည်။ ခွန်အားသည် တွန်းအားအဖြစ် ဆုပ်ကိုင်လာမိသောအခါ နိုင်ငံတော်၏ ဥပဓိကို သူတို့ပုံဖော်သွားပေလိမ့်မည်။

ဤကျောင်းဆင်းပွဲ၏ လေးနက်ခြင်းသရုပ်မှန်သည် ရုပ်ပုံလွှာအခင်းအကျင်းလေးအဖြစ် မကြာမီမြင်တွေ့လာပေလိမ့်မည်။ တကယ်တော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်တိုင် ရွှေတောင်ပံတံဆိပ်လေး ချီးမြှင့်တပ်ဆင်အပ်နှင်းဂုဏ်ပြုသည့် အခမ်းအနားဖြစ်သည်။ ကောင်းမြတ်သောမင်္ဂလာနှင့် ပြည့်စုံပါ၏။ ထိုရွှေတောင်ပံတံဆိပ်လေး၏ အရွယ်အစားမှာ ကိုးစင်တီမီတာခန့်သာဖြစ်သည်။ သေးငယ်ပေမယ့် အနက်ရောင်နောက်ခံတွင် လေတပ်သင်္ကေတ တောင်ပံ၊ ကြယ်တို့ကို ရွှေရောင်ဝင်းလက် ပိုးထွက်ချည် ထိုးရက်ဖောက်ထားခြင်းမျိုးဖြစ်၍ ဝင်းစက်ခံ့ထည်မှုရှိလှပါသည်။ နိုင်ငံတော်အကြီးအကဲက တိုက်ရိုက်ချီးမြှင့်အပ်နှင်းသည့် တာဝန်ဖြစ်၍ တံဆိပ်အဆင့်ထက်မြင့်မားသော ဂုဏ်ဒြပ်ကြီးမြတ်လှပါ၏။

လေသူရဲမောင်မယ်လေးများသည် သူတို့၏ ဝီရိယစွမ်းအား၊ ရည်မှန်းချက်များဖြင့် အလှသရဖူဆောင်းခဲ့လေပြီ။ ကျွန်တော်ကျေနပ်ပါသည်။ ဤကျောင်းတော်ကြီး၏ ရင်နှစ်သည်းချာ ရတနာများအဖြစ် အနာဂတ်တွင် မိုးယံသိမ်းပိုက် အောင်လံစိုက်သူများဖြစ်လာပေလိမ့်မည်။ ထိုထိုသောအနာဂတ်ကာလကဖြင့် မဝေးတော့ပြီ။ သူတို့ထမ်းဆောင်ရမည့် တာဝန်ကားမသေးလှ ကျွန်တော်လေးစားမိသည်။ ။

## မျိုးဆက်သစ်တို့အောင်လံထူ မြန်ဇမ္ဗူဘေးမသန်း အေးချမ်းစေချင်

❖ လေယာဉ်မောင်းသင် တိုးတက်ရစ်
မျိုးဆက်သစ် တပ်မတော်(လေ)။
အာကာသဘုံ လွှမ်းခြုံဖို့
ဘက်စုံကျင့်စေ။
လက်ဆင့်ကမ်း ပေးမျှဝေ
ပညာမွေ စုံနိုင်ရိုးလား။
တို့ဝေဟင် တို့စိုးမိုး
ကြိုးကုတ် သင်ကြား။
❖ စစ်ဗျူဟာ စစ်ကစား
ဆန်းပြားလှ မျိုးစုံလင်။
စုံဆန်ကာ ဝဲပျံသန်း
ထုံမွှမ်း မောင်းသင်။
ကောင်းကင်ထက် ပျံသန်းစဉ်
ကျွမ်းကျင်မှ အောင်မည်ဖြစ်။
စက်လေယာဉ် ချွတ်မယွင်းအောင်
သက်သွင်းလို့ချစ်။
❖ ပြည်မြန်မာ ချစ်အပ်စွ
တို့တပ်က ညွှန့်ခက်ဝေ။
အားအင်တွေ စဉ်ဖြည့်ထပ်
တို့တပ်တော်(လေ)။
အရည်အချင်းနဲ့ အရည်သွေးတွေ
တိုးတက်နေ အံ့မခန်း။
နေ့ညမသွေ စဉ်လေ့ကျင့်
ထူးတင့်တိုက်စွမ်း။
❖ သက်မဲ့ယာဉ် သက်သွင်းလို့
စက်နဲ့ယှဉ် ခက်မယွင်းဖို့
တက်ဆင်းလို့ မောင်းကာနှင်။
ဆောင်းမိုးနွေ အာခံရင်း
မာန်သွင်းလို့သင်။
ပြည်မြန်မာရဲ့ မိုးကောင်းကင်
ထိုးစစ်ဆင် စစ်ကစား။
တို့မြေရေ ကျူးလာစမ်းရင်ဖြင့်
သက်သေပစေ အထူးသာစွမ်းနှင်မပေါ့
ပြည်တစ်ဝှမ်းတွင် အောင်လံတလူလူလွင့်လို့
သက်တမ်းဝင် စိန်ရတုမှာလ
ချိန်ယခု အလံထူသည်
မြန်ဇမ္ဗူ ဘေးမသန်း
အေးချမ်းစေသား။ ။

ရွှေညာမြေမြတ်သင်းကြိုင်

# နိုင်ငံတော်၏ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး အစီအမံများကို နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြောကြားသည်။


**မှာကြား**

ယနေ့နံနက်ပိုင်းက သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်ပြီး တရားမဝင် ရယူသုံးစွဲမှုများကြောင့် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး အောက်ခြေထိ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားရန်၊ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်များကို ကြိုတင်တွက်ချက်၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရန်နှင့် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး ပညာပေးသတိပေးခြင်းနှင့် ဓာတ်အားလိုင်းများ တစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းသွားကြရန် မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ကျန်ရှိနေသေးသည့် ဓာတ်အားမရရှိသေးသည့် မြို့များနှင့် ကျေးရွာများသို့ ဓာတ်အားရောက်ရှိဖြန့်ဖြူးပေးနိုင်ရန် အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ အပါအဝင်ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားလိုင်းများကို ကြိုတင်တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်ပြီး နှစ်အလိုက် ရန်ပုံငွေလျာထားနိုင်ရန် ပြည်နယ်အစိုးရသို့ တင်ပြ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအတွက် ပြန်လည်စိစစ်လက်ခံရေးစခန်း၊ ယာယီကြားစခန်းများနှင့် လျာထားကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ထားရန်နှင့် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရခိုင်ပြည်နယ်အတွင်း နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြသည်။



အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၆၆ ကေဗွီ သံတွဲ(နန်းချောင်း) ဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားစနစ်ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ရန်၊ ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံး ပစ္စည်းများကို စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန်၊ ဓာတ်အားပြတ်တောက်မှု Line Fault နှင့် Line Losses လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတေသနဖော်ထုတ်တွေ့ရှိချက်များကို လက်တွေ့အသုံးချ သုတေသနများအဖြစ် ပြောင်းလဲပြီး အမှန်တကယ် အသုံးချမည့်သူများ၏ လက်ဝယ်ရောက်ရှိအောင် ဆောင်ကြဉ်း ပေးရန်လို

**နေပြည်တော် အောက်တိုဘာ ၃၀**

မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာသန်စွမ်းမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အသားထွက်ရှိမှု အရည်အသွေးများသည် ယင်းတို့ကိုကျွေးမွေးသည့် အစာအာဟာရအပေါ် များစွာတည်မှီနေကြောင်း၊ ထို့ကြောင့် ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းမှုရှိသည့် တိရစ္ဆာန်အစာပင်များ၊ အစာပင်အမျိုးအစားအလိုက် အာဟာရပါဝင်မှုများ အပါအဝင် တိရစ္ဆာန်အစာနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပျော်ဘွယ်မြို့နယ် မွေးမြူရေးသုတေသနစခန်းသို့ ရောက်ရှိစဉ် တိုက်တွန်းပြောကြားခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် ယမန်နေ့က အဆိုပါစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး တောင်သူအကျိုးရှိစေမည့် လက်တွေ့အသုံးချ သုတေသနများဖြစ်စေရေး ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ သုတေသနဖော်ထုတ်တွေ့ရှိချက်များကို လက်တွေ့အသုံးချ သုတေသနများအဖြစ် ပြောင်းလဲပြီး အမှန်တကယ် အသုံးချမည့်သူများ၏ လက်ဝယ်ရောက်ရှိအောင် ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ သုတေသနဆောင်ရွက်ချက်များ၊ ဖော်ထုတ်တွေ့ရှိမှုရလဒ်များကို မျက်ခြည်မပြတ်လေ့လာပြီး ရေရှည်အတွက် အကျိုးရှိစေမည့် နည်းပညာရပ်ဆိုင်ရာ သုတေသနနှင့် လက်တွေ့အသုံးချသုတေသနများ ဖွံ့ဖြိုးလာရေး ကြိုးပမ်းကြရန်လိုကြောင်း ထည့်သွင်းမှာကြားခဲ့သည်။

အဆိုပါစခန်းအား ကြည့်ရှုစစ်ဆေးစဉ် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းတာဝန်ခံတို့က ဒေသနွားများကို အုပ်စုသုံးစုခွဲ၍ ယူရီးယားသကာတုံး(Urea Molasses Multi-nutrient Block,UMMB)တွင် သန်ချဆေးရောနှောကျွေးမွေးပြီး နွားများ၏ သန်ကောင်ရောဂါနှိမ်နင်းနိုင်စွမ်းနှင့် ကြီးထွားနှုန်းတို့အပေါ် အကျိုးသက်ရောက်မှုကို လေ့လာသုတေသနပြုဆောင်ရွက်နေမှု၊ မျိုးစိတ်ခွဲခြားမည့်ပျားများကို နမူနာကောက်ယူခြင်းနှင့် သုတေသနပြုလုပ်မည့်ပျားများကို ရွေးချယ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပျားမျိုးစိတ်ခွဲခြားနမူနာ ကောက်ယူခြင်းနှင့် ရွေးချယ်ဆောင်ရွက်နေမှုများနှင့် ယူရီးယားသကာတုံးကျွေးမွေး၍ သန်ကောင်ရောဂါနှိမ်နင်းနိုင်စွမ်း သုတေသနပြုလုပ်နေသည့် နွားများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ညဏ်တောကျေးရွာအနီးရှိ သဖန်းချောင်း ရေလှောင်တမံနှင့် ပျော်ဘွယ်မြို့နယ် ဗောဓိကုန်းကျေးရွာအနီးရှိ ချောင်းမကြီးရေလှောင်တမံတို့၏ တမံကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နှစ်အလိုက် ဆည်ရေဝင်ရောက်မှု၊ ရေသိုလှောင်နိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနေမှု၊ ပင်မတမံရေထုတ်ပွှန်နှင့် ရေပိုလွှဲအဆောက်အအုံများ၏ ကြံ့ခိုင်မှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု၊ ဘူမိရူပ စူးစမ်းလေ့လာတိုင်းတာခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေးသည် ရေသောက်စနစ်အပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဆည်ရေသောက် တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေသောက်မြောင်းများ ထိန်းသိမ်းရေး၊ စနစ်တကျအသုံးပြုနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေအသုံးချသူအဖွဲ့များ တိုးချဲ့ဖွဲ့စည်းရေးနှင့် အဖွဲ့ဝင်များအတွက် လိုအပ်သော အသိပညာများ ဆွေးနွေးဖြန့်ဝေပေးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဆင်းပွဲ ကျင်းပ




**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင်(အောင်မြေသာစံ၊ မဟာအောင်မြေ၊ အမရပူရ) ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၂)ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင်ကျင်းပရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက သင်တန်းဆင်းအဖွင့်အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက အဖွဲ့လိုက်ဆုရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ကာ မဟာအောင်မြေခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇင်ထက်က ပရဟိတအသင်းအဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး တိုင်းဦးစီးမှူးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကျွမ်းကျင်နည်းပြများကိုယ်စား သင်တန်းနည်းပြတစ်ဦးအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပင်လယ်ပြင်သဘာဝအလှတို့စုဝေးရာ အပျိုစင်မာန်အောင်ကျွန်းမှ အပန်းဖြေခရီးသွားတို့ကို လက်ကမ်းလို့ကြိုနေ

သစ္စာ(MNA)

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပထဝီသဘာဝအလှတို့ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာပြည်မြောက်ဖျားတွင် ရေခဲဖုံးလွှမ်းရာဒေသ၊ တောင်ပေါ်/မြေပြန့်တို့တွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုးကို ပိုင်ဆိုင်ထားသောဒေသများနှင့် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကြီးကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်၍ နိုင်ငံတကာခရီးသွားများ အထူးစိတ်ဝင်စားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် နိုင်ငံ၏နယ်နိမိတ်ကို တော၊ တောင်များက ဝန်းရံထားပြီး နိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ပင်လယ်ပြင်ကြီးနှင့် ကမ်းရိုးတန်းကြီးများက သဘာဝအကာအရံကြီးပမာ တားဆီးထားသည်။ သဘာဝအရင်းအမြစ်များနှင့် ရေသယံဇာတများစွာ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်နှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြို့ခိုးများဝေသီလျက်ရှိသည့် တောင်စဉ်တောင်တန်းများနှင့် ရှုမငြီးဖွယ် ပင်လယ်ပြင်သဘာဝအလှတို့က ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ရာသီအလိုက် လာရောက်အပန်းဖြေနိုင်ရန် ဆွဲဆောင်လျက်ရှိသည်။



မာန်အောင်ကျွန်းကမ်းခြေအလှကို တွေ့ရစဉ်။

### အပျိုစင်ကဲ့သို့ လှသွေးကြွယ်

ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ရခိုင်ပြည်နယ်ကမ်းရိုးတန်းမှသည် တနင်္သာရီကမ်းရိုးတန်းအထိ သဘာဝအလှတို့ဖြင့် နိုင်ငံ၏အလှကို ဝန်းရံတင့်တယ်စေလျက်ရှိသည်။ အထူးသဖြင့် ကမ်းရိုးတန်းတစ်လျှောက်တွင်ရှိသော ကျွန်းများသည် ဖန်တီးထားသော ကျွန်းမျှော်များ မဟုတ်ဘဲ သဘာဝအတိုင်းတည်ရှိနေသော ကျွန်းများလည်းဖြစ်သည်။ ခရီးသွားရာသီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်ရှိသည့် ဆလုံတိုင်းရင်းသားများ နေထိုင်ရာကျွန်းများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေလာရောက်ကြလေ့ရှိသည်။ ရခိုင်ပြည်နယ်တွင်လည်း ဆိပ်ကမ်းများနှင့် ကျွန်းများစွာရှိကြရာ ထိုကျွန်းတို့တွင် မာန်အောင်ကျွန်းသည် အပျိုစင်ကဲ့သို့ လှသွေးကြွယ်လျက် သဘာဝအတိုင်းဖူးပွင့်နေဆဲ ကျွန်းအဖြစ် သန့်ရှင်းလတ်ဆတ်စွာ မူလအတိုင်းတည်ရှိနေမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကြားတွင် ထင်ရှားလာခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ထိစပ်လျက်ရှိပြီး ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးမှာ တစ်ဆက်တည်းဖြစ်သောကြောင့် ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ်သည် ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသို့ မြန်မာပြည်အနှံ့ ခရီးသွားများနှင့် နိုင်ငံတကာခရီးသွားများက ပွင့်လင်းရာသီတွင် တဖွဲဖွဲလာရောက်အပန်းဖြေလည်ပတ်ကြခြင်း ဖြစ်သည်။

### ပင်လယ်ပြင်အလှကို ကြည့်ရှု၍ စိတ်အပန်းဖြေ

ရခိုင်ပြည်နယ်တွင်ရှိသော မာန်အောင်ကျွန်းသည် စတုရန်းမိုင် ၂၀၂ ဒသမ ၀၅ မိုင် ကျယ်ဝန်းပြီး မြို့အကျယ်အဝန်းသည် ၀ ဒသမ ၇၅ စတုရန်းမိုင်ကျယ်ဝန်း၍ ရခိုင်၊ ဗမာနှင့် ချင်းလူမျိုးတို့ နေထိုင်လျက်ရှိသည်။ လူဦးရေ ၆၈၀၀၀ ကျော်ရှိပြီး ရပ်ကွက်ပေါင်း ငါးခုနှင့် ကျေးရွာအုပ်စုပေါင်း ၃၆ အုပ်စုတွင် ကျေးရွာပေါင်း ၁၃၆ ရွာတည်ရှိသော ကျွန်းမြို့ငယ်လေးဖြစ်သည်။ ရန်ကုန်မြို့နှင့်စာလျှင် ရပ်ကွက်တစ်ခု၏ လူဦးရေထက်နည်းသော ကျွန်းတစ်ကျွန်းလည်းဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပပြီး ဆန်စပါးနှင့် ပင်လယ်စာပေါကြွယ်ဝသော ကျွန်းတစ်ကျွန်းလည်းဖြစ်သည်။ တောတောင်တို့တွင် သားငှက်တောရိုင်းတိရစ္ဆာန်များစွာရှိပြီး ကျွန်းပတ်လည်တွင် စိမ်းညို့ညို့တောအုပ်နှင့် တောင်ကုန်းများ၊ သဲမွမွသောင်ခုံများ၊ သန္တာကျောက်တန်းများ၊ အုန်းပင်တန်းများ၊ ရာသီအလိုက်စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများနှင့် ကမ်းနီးသန္တာကျောက်တန်းများ၊ နံနက်ခင်း ပင်လယ်ပြင်မှထွက်ပေါ်လာသော ရွှေရောင်ဝင်းလက်နေသည့် နေခြည်နုနုအလှနှင့် အပြာရောင်ပင်လယ်ပြင်ကြီးတွင် ငုပ်လျှိုးရန် အားယူနေသော ပုစွန်ဆီရောင်သမ်းနေသည့် ဆည်းဆာအလှတို့သည် မြို့ပြမွန်းကျပ်မှုတို့ကို ပြေပျောက်စေလျက် ရင်သပ်ရှုမောဖွယ် သဘာဝအလှတို့ကို ပေးစွမ်းလျက်ရှိသည်။ ပင်လယ်ပြင်အလှကို ကြည့်ရှု၍ စိတ်အပန်းဖြေမှုသည် ရုပ်ခန္ဓာ၏ ပင်ပန်းနွမ်းနယ်မှုတို့ကို လျော့ကျစေလျက် သန့်ရှင်းသောလေကို ရရှိသောကြောင့် စိတ်နှလုံးအေးချမ်းမှုကို ရရှိစေလျက်ရှိရာ လူသားတစ်ယောက်၏ ဘဝတန်ဖိုးနှင့် စိတ်ပျော်ရွှင်မှုတို့ကို မာန်အောင်ကျွန်း၏ ပင်လယ်ပြင်သဘာဝအလှ၏ ဆွဲဆောင်မှုဖြင့် ဘဝအမောများကို ပြေပျောက်စေလျက်ရှိသည်။


### ရန်ကုန်မှခရီးသွားများ လမ်းနှစ်သွယ်ဖြင့် လာရောက်ကြ

မာန်အောင်ကျွန်းတွင် အပန်းဖြေဟိုတည်များရှိပြီး အုပ်ဆိုင်းနေသော တောအုပ်၊ တောင်ကုန်းများနှင့် ပွင့်လင်းရာသီတွင် ရွှေဝါရောင်စပါးခင်းများ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်ပြင်တွင် ကျွန်းအချို့ကို တွေ့မြင်ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် သင်္ကြန်ကာလတွင် ငပလီနည်းတူ မာန်အောင်ကျွန်းသို့ အပန်းဖြေခရီးသွား မထင်မှတ်ဘဲ ဝင်ရောက်လာမှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းမှ ဝင်ငွေများစွာရရှိခဲ့ကြသည်။ မာန်အောင်ကျွန်းသို့ အပန်းဖြေခရီးစဉ်လာရောက်ရာတွင် ရန်ကုန်မှခရီးသွားများ လမ်းနှစ်သွယ်ဖြင့် လာရောက်ကြလေ့ရှိသည်။ ပထမလမ်းခရီးမှာ လေကြောင်းဖြင့် ရန်ကုန်မှ ကျောက်ဖြူသို့ စီးနင်းပြီး ကျောက်ဖြူမှလေးထောင်ဆိပ်ကမ်းသို့ ဟိုတယ်မှ ကြို/ပို့ကားဖြင့် လိုက်ပါကာ ဆိပ်ကမ်းမှ ရုပ်ပြေးယာဉ်ဖြင့် မာန်အောင်ကျွန်းသို့ လာရောက်ခြင်းဖြစ်သည်။ ဒုတိယလမ်းခရီးမှာ ရန်ကုန်မှ တောင်ကုတ်သို့ မှန်လုံယာဉ်ဖြစ်စေ၊ ကိုယ်ပိုင်ယာဉ်ဖြစ်စေ လာရောက်၍ တောင်ကုတ်ဆိပ်ကမ်းတွင် ညအိပ်ကာ နံနက်ခင်းတွင် ရုပ်ပြေးယာဉ်ဖြင့် မာန်အောင်ကျွန်းသို့ လာရောက်ခြင်းဖြစ်သည်။ ယခုလာမည့် နိုဝင်ဘာလ ပွင့်လင်းခရီးသွားရာသီတွင် မာန်အောင်ကျွန်းသို့ အပန်းဖြေခရီးသွားများ လာရောက်ရာ၌ အဆင်ပြေချောမွေ့စွာဖြင့် အပန်းဖြေနိုင်ရန် မိမိတို့ဒေသမှ မာန်အောင်ကျွန်းသို့ ခရီးစဉ်အတွင်း ဝန်ဆောင်မှုကဏ္ဍသစ်တစ်ခုအနေဖြင့် One stop services ဝန်ဆောင်မှုကို ဟိုတယ်များက စီမံဆောင်ရွက်ထားလျက်ရှိသည်။ လေကြောင်းခရီးစဉ်ဖြစ်စေ၊ ကုန်းလမ်းခရီးစဉ်ဖြစ်စေ မာန်အောင်ကျွန်း အပန်းဖြေခရီးစဉ်အတွက် အွန်လိုင်းနှင့် ဟိုတယ်ရုံးခွဲများက ကြိုတင်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ အထူးသဖြင့် သွားလာမှုအဆင်ပြေချောမွေ့စေရန် ယမန်နှစ်ထက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ထားရှိခြင်းဖြစ်သည်။

### ကျွန်းပတ်၍ ကြည့်ရှုနိုင်

မာန်အောင်ကျွန်းအလှကို ကျွန်းပတ်၍ ကြည့်ရှုနိုင်ပြီး ပြင်ကောက်ရွာကမ်းခြေရှိ သန္တာကျောက်တန်းများ၊ ရေအောက်တွင်ရှိသော ငါး/ပုစွန်များ၊ လက်ဖက်ကျွန်းမီးပြတိုက်နှင့် မာန်အောင်ကျွန်းအနီးရှိ သိုက်ကျွန်းနှင့် ရဲကျွန်းသို့ အပန်းဖြေခရီးသွားများ သွားရောက်လည်ပတ်နိုင်သည်။ မာန်အောင်ကျွန်းရှိ မာန်အောင်ကမ်းခြေ ဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးထွန်းလင်းအောင်က မာန်အောင်ကျွန်းသည် အပျိုစင်ကျွန်းဟု အမည်ရရှိထားသည်နှင့်အညီ ခရီးသွားလုပ်ငန်းထိတွေ့မှုမှာ ယခုခရီးသွားရာသီနှစ်တွင် နှစ်နှစ်မြောက်ကာလသာ ရှိသေးကြောင်း၊

စာမျက်နှာ ၁၁ သို့ ✻



သဲသောင်မှမြင်ရသော ဆည်းဆာအလှတွင် မာန်အောင်ကျွန်းကမ်းခြေအလှကို တွေ့ရစဉ်။

> မာန်အောင်ကျွန်းအလှကို ကျွန်းပတ်၍ ကြည့်ရှုနိုင်ပြီး ပြင်ကောက်ရွာကမ်းခြေရှိ သန္တာကျောက်တန်းများ၊ ရေအောက်တွင်ရှိသော ငါး/ပုစွန်များ၊ လက်ဖက်ကျွန်းမီးပြတိုက်နှင့် မာန်အောင်ကျွန်းအနီးရှိ သိုက်ကျွန်းနှင့် ရဲကျွန်းသို့ အပန်းဖြေခရီးသွားများ သွားရောက်လည်ပတ်နိုင်သည်။ နေထွက်ချိန်မှစ၍ နေဝင်ချိန်အထိ ပင်လယ်ပြင်သဘာဝအလှနှင့် ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကိုလည်း နီးနီးကပ်ကပ်တွေ့မြင်ရသောနေရာတစ်ခုဖြစ်

# သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် သွားနှင့်ခံတွင်း ဆရာဝန်များ၊ သူနာပြုများ၊ သွားကျန်းမာရေးသူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာရှင် လုပ်အားပေးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ ဆရာတော်ကြီး၏ နေပြည်တော် ကျောင်းခွဲဖြစ်သော ဝဇိရာနန္ဒသုဗောဓာရုံဘုန်းတော်ကြီးကျောင်းရှိ ရဟန်းသံဃာတော်များနှင့် အနီးဝန်းကျင်မှ ပြည်သူများ စုစုပေါင်းလူနာ ၁၆၅ ဦးကို အခမဲ့ကွင်းဆင်းဆေးကုသခဲ့သည်။

အဆိုပါ သွားနှင့်ခံတွင်း ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ကျောင်းရှိ ရဟန်းသာမဏေများအား ကျန်းမာရေးအသိပညာပေးခြင်း၊ စနစ်မှန်သွားတိုက်နည်းစနစ်ကို လက်တွေ့သရုပ်ပြသပြီး အတူတကွ သွားတိုက်ခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးခြင်းနှင့် လိုအပ်သောကုသမှုများကိုလည်း ဆောင်ရွက်ပေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆေးရုံအခြေပြု ကုသပေးနေခြင်းသာမက ပြည်သူများအနေဖြင့် ကျန်းမာရေးဆေးကုသမှုအတွက် စရိတ်သက်သာ ထိရောက်ပြီး အများလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဖြစ် ယခုကဲ့သို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သွားနှင့်ခံတွင်း အခမဲ့ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများကို ကုသရေးဦးစီးဌာန၏ ဦးစီးထောက်ပံ့ပေးမှုဖြင့် လစဉ်လတိုင်း နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ကရင်ပြည်နယ်ရှိ နေကြာစိုက်တောင်သူများအား ထောက်ပံ့ငွေနှင့် နေကြာမျိုးများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် နေကြာမျိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ခဲတောက်ကျေးရွာ၊ ကျုံပိုက်ကျေးရွာ၊ ပေါ့ထော်ကျေးရွာနှင့် မင်းဇီတောင်သူကျေးရွာ လေးရွာအတွက် ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်(ဆီထွက်သီးနှံ) ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူးက စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သည့် ရေဆင်းစပ်မျိုး နေကြာ(၁) မျိုးအိတ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။



အဆိုပါ ကရင်ပြည်နယ်ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည်ဆန်စက်၊ ဆီစက်လုပ်ငန်းရှင် သမဝါယမအသင်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး (ဝဲပုံ) ဘားအံမြို့နယ်အတွင်း ဆန်စက်၊ ဆီစက်များ တည်ဆောက်ရေးကိစ္စအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဘားအံစက်မှုဇုန်ရှိ သမဝါယမအသင်းပိုင် ဆန်စက်တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ ဘားအံမွေးမြူရေးဇုန်ရှိ တိုးပွား EM Super Bokashi သဘာဝအားဖြည့် မြေဩဇာစက်ရုံနှင့် ဩဇာမင်းသဘာဝဇီဝမြေဩဇာစက်ရုံတို့ကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် အရှည်ပေ ၃၃၀၀ ရှိ မွန်ဆရီးကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် မော်လမြိုင်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၀ မှ

နေထွက်ချိန်မှစ၍ နေဝင်ချိန်အထိ ပင်လယ်ပြင် သဘာဝအလှနှင့် ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကိုလည်း နီးနီးကပ်ကပ်တွေ့မြင်ရသော နေရာတစ်ခုဖြစ်ကြောင်း၊ ပြီးခဲ့သော သင်္ကြန်ကာလတွင် ရေပက်ခံမဏ္ဍပ်များ ထိုး၍ ရေသဘင်ပွဲတော်ကို ကျင်းပခဲ့ရာ ခရီးသွားများဖြင့် အထူးစည်ကားခဲ့ကြောင်း၊ လတ်ဆတ်သောပင်လယ်စာများကို ဝါရင့်စားဖိုမှူးများကိုယ်တိုင် ချက်ပြုတ်ခြင်းဖြစ်ပြီး ဒေသအစားအစာများကိုလည်း ဒေသခံရခိုင်တိုင်းရင်းသားစားဖိုမှူးများကိုယ်တိုင် ဝန်ဆောင်မှုပေးထားကာ ခရီးသွားများကို လှိုက်လှဲပျူငှာနွေးထွေးစွာဖြင့် ကြိုဆိုလျက်ရှိကြောင်း၊ ကိုလိုနီလက်ထက်တွင် နိုင်ငံခြားသားများ လာရောက်အပန်းဖြေရာနေရာတစ်ခုဖြစ်ခဲ့ပြီး ထူးခြားသော လက္ခဏာများစွာရှိနေသော တောင်နီတောင်နှင့် နဂါးပွက်တောင်ကိုလည်း လူသိများကြကြောင်း၊ နှစ်ယောက်ခန်းတစ်ခန်းလျှင် ကျပ်ခြောက်သောင်းဖြင့် နံနက်စာဝန်ဆောင်မှုပေး၍ ပင်လယ်ကမ်းခြေတွင် ရေမကူးရဲသူတို့အတွက် ဟိုတယ်တွင် ရေကူးကန်နှင့် ဘားများထားရှိကြောင်း၊ လတ်ဆတ်သော ပင်လယ်လေကို ကမ်းခြေသောင်ပြင်တွင် အားပါးတရရှူရှိုက်၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အပန်းဖြေအနားယူနိုင်ရန် ရခိုင်ပြည်နယ် အပျိုစင်မာန်အောင်ကျွန်းက ဖိတ်ခေါ်လျက်ရှိကြောင်း ပြောကြားသည်။

**ပင်လယ်ကမ်းခြေအပန်းဖြေမှုသည် ဘဝ၏အမောများကို အပြည့်အဝ ပြေလျော့**

အောက်တိုဘာလ တတိယပတ်တွင် ဆောင်းရာသီကို ပွေ့ဖက်သယ်ဆောင်လာသော မြောက်ပြန်လေတို့သည် စတင်တိုက်ခတ်လျက်ရှိသည်။ နိုဝင်ဘာလ ခရီးသွားရာသီတွင် ဟေမန်ဆောင်းနှင်းတို့အပြိုင် ဝင်ရောက်လာမည့် အေးချမ်းသော လက္ခဏာပင်ဖြစ်သည်။ နိုင်ငံတော်က ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အေးချမ်းစွာ သွားလာအပန်းဖြေနိုင်ရန် ခရီးသွားလုပ်ငန်းများကို အားပေးကူညီခဲ့ပြီးဖြစ်သည်။ လှပသောရာသီတွင် ခရီးသွားခြင်းသည် လွတ်လပ်ပေါ့ပါးမှုနှင့် အရွယ်ကို နုပျိုစေသော စိတ်စွမ်းအင်ကို အပြည့်အဝပေးစွမ်းလျက်ရှိသည်။ မိမိတို့စိတ်အားထက်သန်ရာ အပန်းဖြေခရီးတို့တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူအပေါင်းအနေဖြင့် စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ကြပါစေကြောင်းနှင့် အပန်းဖြေခရီးစဉ်တို့တွင် ပင်လယ်ကမ်းခြေအပန်းဖြေမှုသည် ဘဝ၏အမောများကို အပြည့်အဝပြေလျော့စေသော အပန်းဖြေခြင်းတစ်ခုဖြစ်ရာ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပနေသော ရခိုင်ပြည်နယ် အပျိုစင်မာန်အောင်ကျွန်းမှ အပန်းဖြေခရီးသွားတို့ကို နွေးထွေးပျူငှာလှိုက်လှဲစွာဖြင့် လက်ကမ်းကြိုဆိုနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိသည့် မာန်အောင်ကျွန်းရှိ ပင်လယ်ပြင်အလှ၊ ဟိုတယ်နှင့် စပါးစိုက်ခင်းအလှတို့ကို တွေ့ရစဉ်။



မာန်အောင်ကျွန်းဟိုတယ်တစ်ခုတွင် အပန်းဖြေရေကူးကန်ဖြင့် ဝန်ဆောင်မှုပေးထားသည်ကို တွေ့ရစဉ်။

■ ကျောဖုံးမှ

အပျက်သဘောဆောင်သည်များကိုသာ ချဲ့ကားဖော်ပြထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံတည်းကို ဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ပြီး ယင်းရည်ရွယ်ချက်ဖြင့် ခန့်အပ်၍ ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကိုလည်း မည်သည့်အခါကမှ လက်ခံခဲ့ခြင်းမရှိပါ။ Thomas Andrews အား မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူအဖြစ် ခန့်အပ်မှုအပေါ်တွင်လည်း အသိအမှတ်ပြုခြင်းမရှိသကဲ့သို့ ပြည်ဝင်ခွင့်လည်း မပြုခဲ့ပါ။

၎င်းတို့၏ အစီရင်ခံစာများနှင့် ရှင်းလင်းတင်ပြချက်များသည် အကြမ်းဖက်အဖွဲ့များ၊ ယင်းအကြမ်းဖက်အဖွဲ့များအား အထောက်အကူပြုနေသည့် လူမှုအဖွဲ့အစည်းအမည်ခံများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် နှုတ်ပြောစကားများအပေါ် အခြေခံထားသည်။ စင်စစ်အားဖြင့် ဖော်ပြပါအဖွဲ့များသည် ပြည်ပအဖွဲ့အစည်းအချို့ထံမှ တရားမဝင်အကူအညီများ ရရှိနေကြောင်းလည်း တွေ့ရှိရသည်။ ကုလသမဂ္ဂမှ မြန်မာနိုင်ငံအရေးကျွမ်းကျင်သူများဟုဆိုသူများက ကချင်ပြည်နယ်၊ အနန့်ပါ၌ ၂၃-၁၀-၂၀၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို တစ်ဖက်သတ် မမှန်မကန်ဖန်တီးလုပ်ကြံထားသော သတင်းများနှင့် စွပ်စွဲချက်များကို အခြေခံ၍ မီးမောင်းထိုး ပုံကြီးချဲ့ ပြောကြားခဲ့သည်။ သို့ရာတွင် ၁၂-၁၀-၂၀၂၂ ရက်တွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးစေတီ၌ ဘုရားဖူးသူများကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် သေကျေစေခဲ့မှုနှင့် ၂၁-၁၀-၂၀၂၂ ရက်တွင် KNU/ KNLA တပ်မဟာ (၆) လက်အောက်ခံ တပ်ရင်းများ၊ KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့ရှိ လူနေရပ်ကွက်များသို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိုဒေသရှိ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးခဲ့မှုတို့ကိုမူ နှုတ်ဆိတ်နေခဲ့ကြသည်။ ထို့အပြင် အပြစ်မဲ့ပြည်သူ ၄၀၇၃ ဦးကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက် NUG နှင့် PDF တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် မျက်ကွယ်ပြု လျစ်လျူရှုခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂအမည်ခံ အထူးကိုယ်စားလှယ်နှင့် အထူးအစီရင်ခံစာ တင်သွင်းသူများ၏ ဆောင်ရွက်ချက်များသည် ဓမ္မဓိဋ္ဌာန်ကျမှုမရှိဘဲ ဘက်လိုက်မှုရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များနှင့် ချဲ့ကားထားသည့်အချက်များကို အခြေခံ၍ နိုင်ငံတကာ၏အာရုံစိုက်မှုရရှိရန် ရည်ရွယ်လျက် ၂၅-၁၀-၂၀၂၂ ရက်နှင့် ၂၆-၁၀-၂၀၂၂ ရက်တို့တွင် တတိယကော်မတီအစည်းအဝေးများ၌ ပြုလုပ်ခဲ့သည့် အပြန်အလှန်ဆွေးနွေးမှုများသည် ကုလသမဂ္ဂအနေဖြင့် ဘက်မလိုက်သော၊ ပညာရှင်ဆန်သော ယင်း၏ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ကိုယ်တိုင်ပြန်လည်ဖျက်ဆီးနေသည့် ဂုဏ်သရေညှိုးနွမ်းစေသော လုပ်ရပ်များသာဖြစ်သည်။

ကုလသမဂ္ဂတွင် တန်းတူညီမျှမှု ရှိရမည်ဆိုသည့် မူဝါဒကို အဖွဲ့ဝင်နိုင်ငံများအားလုံးက ကုလသမဂ္ဂထံ အပ်နှင်းထားပြီး၊ ယင်းမူဝါဒများနှင့်အညီ ထိန်းသိမ်းရပ်တည်ပေးကြသော အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ တစ်ချိန်တည်းမှာပင် အထက်ဖော်ပြပါ ချို့ယွင်းမှုများရှိသော အစီရင်ခံစာများ၊ မြန်မာနိုင်ငံကိုကိုယ်စားပြုသည့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိသည့် အပြန်အလှန်ဆွေးနွေးမှုများနှင့် နိုင်ငံအချို့၏ မြန်မာနိုင်ငံပြည်တွင်းရေး စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချ၍ ပြတ်သားစွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်။**

❐ ဘင်္ဂလားဒေ့ရှ်မှ

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် G to G သဘောတူစာချုပ် ချုပ်ဆိုထားပြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းတင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်မှစ၍ ညှော့မထဆန်(၅မတ်) 50kg ဆန်အိတ် တန်ချိန် ၂၆၅၀ ကို စတင်၍ သင်္ဘောတင်နေခြင်းဖြစ်သည်။

"ပြည်ပကိုဆန်တင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေရရှိစေတဲ့အပြင် နိုင်ငံတော်နဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကနေ ပြည်ပကို ဆန်တိုက်ရိုက်တင်ပို့နိုင်တာဟာ တိုင်းဒေသကြီးရဲ့ အောင်မြင်မှုပထမလှေကားထစ်တစ်ခုပါ။ ဒုတိယလှေကားထစ်တစ်ခုက နိုင်ငံတော်ကမျှော်မှန်းထားတဲ့ ပုသိမ်စက်မှုမြို့တော်ကနေ ကုန်သွယ်မှုလုပ်ငန်းတွေ မြန်ဆန်သွက်လက်ဖို့အတွက် ခြေလှမ်းသစ်တစ်ခုလည်း ဖြစ်လာပါတယ်။ ဆန်တင်ပို့နိုင်မှုဟာ တိုင်းဒေသကြီးအတွက် GDP တန်ဖိုးလည်း တက်လာစေပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော် ပုသိမ်မြို့ကနေ ဆန်စပါးအပြင် ပဲ၊ ပြောင်း၊ နှမ်းတို့ကို တင်ပို့နိုင်ဖို့လည်း မျှော်မှန်းထားပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်မှုမှာ ဟန်ချက်ညီညီနဲ့ ဆန်စပါးအသင်းအဖွဲ့တွေ လက်တွဲပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း (Ayeyarwaddy International Industrial Port–AIIP)မှ ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာ ၃၁ ရက်နေ့အပြီး တင်ဆောင်ပြီးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ MV MCL–7 ကုန်တင်သင်္ဘော ထွက်ခွာမည်ဖြစ်ကာ ကုန်တင်သင်္ဘောများ တစ်စင်းဝင် တစ်စင်းထွက်စနစ်ဖြင့် ဆက်လက်ဝင်ရောက်နေမည်ဖြစ်သည်။

မြန်မာ့ဆန်ကို အိမ်နီးချင်းနိုင်ငံသို့တင်ပို့နိုင်ခြင်းဖြင့် ဆန်စပါးနှင့် ဆက်စပ်သောလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွန်းလာလျက်ရှိရာ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးနှင့် ဈေးကွက် စဉ်ဆက်မပြတ်တည်ရှိရေးအတွက် နိုင်ငံတော်၊ စိုက်ပျိုးတောင်သူ၊ လုပ်ငန်းရှင်နှင့် ဌာနဆိုင်ရာများ ဟန်ချက်ညီညီဖြင့် ဆက်လက်လှမ်းချီသွားရမည်သာ ဖြစ်ပေသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

## သထုံမြို့ နန္ဒဝန်ကျောင်းတိုက်၌ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်များ ရရှိတော်မူခဲ့သော အောင်ဆန်းဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



**သထုံ အောက်တိုဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုနှစ်အတွက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခဲ့သည့် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်က သထုံမြို့ နန္ဒဝန်ကျောင်းတိုက်၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် သံဃာတော်များ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဧည့်ပရိသတ်အပေါင်းတို့က ပူဇော်ပွဲအား နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး သံဃာတော်များထံမှ သီလခံယူဆောက်တည်ကြသည်။

ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဆရာတော်အား ဘွဲ့တံဆိပ်တော်များကို ထပ်ဆင့်ဆက်ကပ်ပူဇော်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အကျိုးတော်ဆောင်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ပဓာနနာယကဖြစ်တော်မူပြီး သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ ၁၉၉၉ ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ၂၀၀၉ ခုနှစ်၌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ၂၀၁၄ ခုနှစ်၌ ထိုင်းနိုင်ငံ နာရက်ဆွန်တက္ကသိုလ်မှ Ph.D (Social Science) ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒ္ဓာလယတက္ကသိုလ်မှ Ph.D(Vipassana Bhavana) ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေးပွဲ ကျင်းပ

**မှော်ဘီ အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် (ဆင့်ပွား)အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် မှော်ဘီ အထက(၂) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မှော်ဘီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄၄ ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၁၄၄ ဦး တက်ရောက်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ပညာရေးကဏ္ဍ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့်စီမံကိန်း အကဲဖြတ်ခြင်း ဘာသာရပ်များကို နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဖွင့်လှစ်

**မအူပင် အောက်တိုဘာ ၃၀**

ဧရာဝတီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် သတင်းရေးသား ထုတ်ပြန်ခြင်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းကို ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိဦးအာကာဦးတို့က သတင်းရေးသားထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များကို သင်ကြားပို့ချရာ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ သတင်းတာဝန်ယူဆောင်ရွက်သည့် ဝန်ထမ်းများ တက်ရောက်ကြသည်။




သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကာ ဥပဒေ၊ နည်းဥပဒေများ၊ သတင်းစည်းကမ်းများ၊ သတင်းရယူရာတွင် လိုက်နာရမည့် ကျင့်ဝတ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ ကျင်းပသည့် Halloween ပွဲတော်၌ လူအုပ်ပြိုကျမှုဖြစ်ပွား၊ ၁၅၃ ဦး သေဆုံး

**ဆိုးလ် အောက်တိုဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ အီတာဝန်ခရိုင်၌ ယမန်နေ့ညက လူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅၃ ဦး သေဆုံးပြီး ၁၃၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်။

လူငယ်အများအပြားသည် Halloween ပွဲတော် ဆင်နွှဲရန် သွားရောက်လျက်ရှိစဉ် အဆိုပါလူအုပ် ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသွားသူအများစုမှာ ဆယ်ကျော်သက်နှင့် အသက် ၂၀ အရွယ်များဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။ အဆိုပါအခင်းဖြစ်ပွားရာနေရာရှိ အရက်ဆိုင်များနှင့် စားသောက်ဆိုင်လမ်းကြား အတွင်း ရိုက်နှက်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် ဂျပန်နိုင်ငံသား နှစ်ဦးလည်း ပါဝင်ကြောင်း ဂျပန်အစိုးရ သတင်းရင်းမြစ်များက ပြောသည်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များကို ဖြေလျှော့ပေးပြီးနောက် သုံးနှစ်အတွင်း ဆိုးလ်မြို့၌ ပထမဆုံးအများပြည်သူ ပါဝင်ဆင်နွှဲသည့် Halloween ပွဲတော်ဖြစ်သည်။

အဆိုပါပွဲတော်သို့ ပြည်သူတစ်သိန်းခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ သေဆုံးသူများ အနက် ၁၉ ဦးသည် နိုင်ငံခြားသားများဖြစ်ကြောင်း မီးသတ်ဌာနက ပြောသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးက အခင်းဖြစ်ပွားရာနေရာသို့ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် သွားရောက်ခဲ့ပြီး အဆိုပါလူအုပ် ပြိုကျမှုဖြစ်စဉ်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ကာလကို ကြေညာခဲ့သည်။

အဆိုပါလူအုပ်ပြိုကျမှုဖြစ်စဉ်သည် ကြောက် စရာကောင်းသော ဖြစ်ရပ်ဆိုးဖြစ်ကြောင်းနှင့် လက်ရှိအချိန်မှစပြီး အခင်းဖြစ်ပွားမှုကို ထိန်းချုပ် နိုင်သည်အထိ နိုင်ငံတော်အစိုးရက ဝမ်းနည်းဖွယ် ကာလအဖြစ်သတ်မှတ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတယွန်ဆက်ယိုးက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခင်းဖြစ်ပွားမှုတွင် သေဆုံးသွားသူများ အတွက် ဝမ်းနည်းကြေကွဲမိပါကြောင်းနှင့် ထိခိုက် ဒဏ်ရာရရှိသူများလည်း အမြန်ဆုံးပြန်လည် သက်သာပါစေကြောင်း သမ္မတယွန်ဆက်ယိုးက ဆုမွန်ကောင်းတောင်းခဲ့သည်။

ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် အစိုးရအဖွဲ့ ရုံးများရှိ နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူရန် အစိုးရအဖွဲ့ရုံးများအား ညွှန်ကြားထားသည်။



ဝမ်းနည်းခြင်းအထိမ်းအမှတ် ကာလသည် အောက်တိုဘာ ၃၀ မှ နိုဝင်ဘာ ၅ ရက်ထိတိုင်ကြာ မြင့်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆိုမာလီယာနိုင်ငံ၌ ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၀၀ သေဆုံး၊ ၃၀၀ ကျော်ဒဏ်ရာရ



**မိုဂါဒစ်ရှူး အောက်တိုဘာ ၃၀**

အောက်တိုဘာ ၂၉ ရက်က ဆိုမာလီယာနိုင်ငံ၌ ပညာရေးဝန်ကြီးဌာနအဆောက်အအုံအား ပစ်မှတ် ထားသော ကားဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ကြောင့် အနည်းဆုံး ၁၀၀ သေဆုံးခဲ့ကြောင်းနှင့် အခြားသောလူပေါင်း ၃၀၀ ကျော်သည်လည်း ဒဏ်ရာရရှိခဲ့ကြကြောင်း ဆိုမာလီယာသမ္မတ ဟက်ဆန်ရှိတ်မိုဟာမက်က အောက်တိုဘာ ၃၀ ရက် တွင် ပြောကြားသည်။

ထို့ပြင် ကားဗုံးပေါက်ကွဲရာနေရာသို့ အောက်တို ဘာ ၃၀ ရက်အစောပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီးနောက် သေဆုံးဒဏ်ရာရရှိသူအရေ အတွက် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်းလည်း ဆိုမာလီယာသမ္မတ ဟက်ဆန်ရှိတ်မိုဟာမက်က ပြောကြားသည်။

လူစည်ကားရာနေရာရှိ ပညာရေးဝန်ကြီးဌာန အဆောက်အအုံအတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့် ကားတစ်စီးဝင်ရောက်လာခဲ့ ပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းနောက် အဆိုပါနေရာ၌ပင် ပေါက်ကွဲမှု နောက်တစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာအနီးတွင် အစိုးရအဆောက်အအုံအများအပြား၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များရှိကြောင်းသိရသည်။ နိုင်ငံ၏ မြို့တော်နှင့် ဒေသအများအပြားတွင် မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသော အယ်လ်ခိုင်ဒါ နှင့် ဆက်နွှယ်မှုရှိသည့် အယ်လ်ရှားဘတ်အစွန်း ရောက်အုပ်စုက ယင်းကားဗုံးပေါက်ကွဲမှုနှင့် စပ်လျဉ်း ၍ ၎င်းတို့တွင် တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

ဆိုမာလီယာနိုင်ငံ၌ ၂၀၁၇ ခုနှစ် အောက်တိုဘာ လအတွင်းကလည်း အဆိုပါနေရာတွင် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ၅၈၇ ဦးသေဆုံးခဲ့ ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၈ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၈ ဦး ထပ်မံ သေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံး သူပေါင်း ၆၄၀၃၃ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာ ရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သည့်တစ်ရက် အတွင်း ရောဂါကူးစက်ခံရသူ ၁၃၇၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၀၃၄၅၉ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၀၈၂၄ ဦးရှိသည်။ ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၃၂၉ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရ ခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူ ပေါင်း ၁၂၈၅၃၅၁ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေ အတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင် ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်း ကျော်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံ ပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိ သည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ် ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၀၃ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၃၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၀၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံ တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၄၂၇၂၅ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့် ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။



**ပြောကြား**

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၇၅ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆို ပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၀၁၀၄ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၉၀၀၈ ဦး ထပ်တိုး လာခြင်းကြောင့် ပြန်လည် ကျန်းမာလာသူပေါင်း ၂၀၇၉၆၁၂၄ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့် ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကို သည် ကိုဗစ်-၁၉ ရောဂါကူးစက် ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၀ ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ရောဂါကူးစက် ခံရသူပေါင်း ၃၂၃၀၂၈၈ ဦး ရှိလာ ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်း ဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေး ကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန် သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင် ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံ ပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ် ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန် နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ ခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်း များနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ မြေ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

## တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၁၁၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၃၅၀၀၀)နှင့် Door Lock ၆၅ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၇၅၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၈၂၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က သဃ်န်းညီနောင်ကျေးရွာ ချစ်ကြည်ရေးဆီဆိုင်အနီးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီ လီတာ ၉၆၀ အပါအဝင် ကုန်စည်လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၄၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့(တောင်ကြီးအထွက်) နမ့်အောရွာအနီးတွင် ပိုင်ရှင်မဲ့စုပုံထားသော ပဒုမ္မာ တံဆိပ်ဆပ်ပြာမှုန့် ၃၈၂ အိတ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၄၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု

ထို့ပြင် အောက်တိုဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းတော်မြို့၌ တရားမဝင် လိုင်စင်မဲ့ Toyoto Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၉၉၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၇၄၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၈၄၁၉၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး ဒေါ်သန္တာဝင်းနှင့် ဒုတိယပညာရေးမှူးများက သင်ကြားပို့ချသွားမည်ဖြစ်ပြီး မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာ ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီး စုစုပေါင်း ၅၂ ဦး တက်ရောက်ကြပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✪

## ပခုက္ကူခရိုင်အတွင်း ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများအား အခြေခံစားသောက်ကုန်များ ကူညီထောက်ပံ့

**ပခုက္ကူ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း၌ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP) ဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အောက်တိုဘာ ၂၂ ရက်မှစတင်ပြီး ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှုများကို ပခုက္ကူမြို့နယ် အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပခုက္ကူနှင့် မြိုင်မြို့နယ်၊ ကမ္မမြို့တို့၌ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသည့် ပြည်သူများအား လူတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီခြောက်ဆယ့်ငါးကျပ်သား၊ ဆားငါးကျပ်သားနှင့် စားတော်ပဲခုနစ်ဘူးစီတို့ကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအရောက် ကွင်းဆင်းကူညီထောက်ပံ့ပေးကြကြောင်း သိရသည်။

ပခုက္ကူခရိုင်အတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သည့် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူရရှိသောဦးရေပေါင်း ၁၆၇၉၅ ဦးရှိကာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအထိ တစ်လလျှင်တစ်ကြိမ်နှုန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် နေရပ်စွန့်ခွာနေထိုင်ရပြီးစာရင်းကျန်ရှိသည့် ပြည်သူများကိုလည်း ဆက်လက်ကွင်းဆင်းစာရင်းကောက်ယူ၍ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ကြောင်း အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

❖

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Inya Urban Force–IUF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


**အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း အိမ်အမှတ် (၄/၂၈-က) နေ ဦးအုန်းသွင်နှင့် ၎င်း၏သားမက်ဖြစ်သူ ကိုရဲတေဇတို့သည် မြို့တွင်းမှ နေအိမ်သို့ မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် နေအိမ်ရှေ့အရောက်၌ အကြမ်းဖက်သမားများက ပစ္စတိုဖြင့် ပစ်ခတ်၍ အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် အပြစ်မဲ့ပြည်သူ နှစ်ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျော်ကောင်းထက် (ခ)ကောင်းထက် (ခ)အောင်နိုင်မိုးအား အောက်တိုဘာ ၁ ရက်တွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ဖူဆန်တရုတ်ဘုံကျောင်းအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ကောင်းထက်(ခ)ကောင်းထက်(ခ) အောင်နိုင်မိုး၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများတွင်ပါဝင်ခဲ့သည့် ဆက်စပ်တရားခံများဖြစ်သော ဥက္ကာဖြိုး(ခ)ဖရန့်(ခ) အုပ်ကြီး၊ ဇင်မေလတ်(ခ)ရတီ(ခ)ပေရယ်၊ သန်းထက်ဇင်(ခ)မိုးစက်၊ ညီညီချစ်ထူး(ခ) မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ)နော်ဝိုင်တို့အား အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ တက္ကသိုလ်ရေကူးကန်၌လည်းကောင်း၊ ယင်းနေ့ မွန်းလွဲပိုင်းတွင် နေရှိုင်း(ခ)ရှိုင်းထက်အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာ(၃)လမ်း အိမ်အမှတ်(၁၃၁၄)၌လည်းကောင်း၊ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်နှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Inya Urban Force– IUF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိမှုအခြေပြဇယား




ပန်းအိအိကျော်(ခ)အိန္ဒြာ တို့အား ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်လမ်းရှိ သုခကမ္ဘာဆေးရုံအနီး၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ဇေယျာလင်းထက်(ခ) ဟန်လင်းထက်အား သာကေတမြို့နယ် အမှတ်(၂)တောင်ရပ်ကွက် ဓောတာရုံလမ်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျား ခုနစ်ဦး၊ မ သုံးဦး စုစုပေါင်း ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဥက္ကာဖြိုး(ခ)ဖရန့်(ခ) အုပ်ကြီး၊ သန်းထက်ဇင်(ခ)မိုးစက် နှင့် ကျော်ကောင်းထက်(ခ)ကောင်းထက်(ခ)အောင်နိုင်မိုးတို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် လှိုင်မြို့နယ် မာလာမြိုင်(၄)လမ်း အိမ်အမှတ်(၉၆)၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁၀ ရက် တက်ရောက်ခဲ့ကြောင်း၊ နေရှိုင်း(ခ) ရှိုင်းထက်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ရွာအနီး၌ မင်းကင်း PDF အဖွဲ့ထံတွင် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း ၄ လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**စာမျက်နှာ ၁၆ သို့❖**

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကင်းမြို့နယ် ကန်ပတ်လမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ





၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(မြောက်) အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် ဦးသီဟလမ်းထောင့်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ရာအိမ်မှူး ဒေါ်နှင်းနှင်းလှိုင်(သေဆုံး)

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်း အိမ်အမှတ်(၇၇) ရှေ့လမ်းမပေါ်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ရာအိမ်မှူး ဒေါ်ခင်သူဇာအောင်(ခ)ဒေါ်မေသူအောင်(သေဆုံး)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ဦးတင်မောင်အေး(သေဆုံး)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရ**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အရေးယူခြင်းများ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မျိုးမင်းသန့်နှင့် ၎င်း၏ဇနီးဖြစ်သူ ဆိုင်းပန်တို့သည် ၎င်းတို့အသုံးပြုသည့် “Myo Min Than” Facebook အကောင့်၊ “Sai Pann” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၅ မှ

ထိုသို့အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် Inya Urban Force–IUF အမည်ခံအကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံ ကိုပိုင်(ခ)စစ်နိုင် ခေါင်းဆောင်၍ ဥက္ကာဖြိုး(ခ)ဖရန့်(ခ)အုပ်ကြီး၊ သန်းထက်ဇင်(ခ)မိုးစက်၊ ကျော်ကောင်း ထက်(ခ)ကောင်းထက်(ခ)အောင်နိုင်မိုး၊ သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်၊ နေရှိုင်း(ခ)ရှိုင်းထက်၊ ဇေယျာလင်းထက်(ခ)ဟန်လင်းထက်၊ ညီညီချစ်ထူး(ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ)နောဝိုင်၊ ဇင်မေလတ်(ခ)ရတီ(ခ)ပေရယ်၊ ပန်းအိအိကျော်(ခ)အိန္ဒြာနှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော သီဟ(ခ)ကူးပါး၊ ကိုထက်(ခ)ကိုဗန်၊ ကိုလင်းတို့ ပါဝင်သော အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

IUF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- ❖ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဥက္ကာဖြိုး(ခ)ဖရန့်(ခ)အုပ်ကြီးသည် ရန်ကင်းမြို့နယ် ကန်ပတ်လမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ❖ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ညီညီချစ်ထူး(ခ)မိုင်းသည် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ယာဉ်ထိန်းရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ IUF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု ခြောက်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- ❖ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်သည် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(မြောက်)အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် ဦးသီဟလမ်းထောင့်၌ ရာအိမ်မှူး ဒေါ်နှင်းနှင်းလှိုင်အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ညီညီချစ်ထူး(ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ) နောဝိုင်နှင့် ပန်းအိအိ ကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ❖ ဒီဇင်ဘာ ၂၉ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်သည် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်း အိမ်အမှတ်(၇၇)ရှေ့ လမ်းမပေါ်၌ ရာအိမ်မှူး ဒေါ်ခင်သူဇာအောင်(ခ)ဒေါ်မေသူအောင်အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ညီညီချစ်ထူး (ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ) နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ❖ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ ဦးတင်မောင်အေးအား နေအိမ်အတွင်းသို့ဝင်ရောက်၍ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ညီညီချစ်ထူး(ခ)မိုင်း၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ) နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ❖ မေ ၁၀ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်နှင့် ကျော်ကောင်းထက် (ခ)ကောင်းထက်(ခ)အောင်နိုင်မိုးတို့ နှစ်ဦးသည် လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ကမ်းနားလမ်း အောင်ကောင်းစံစားသောက်ဆိုင်၌ ဗိုလ်မှူး ကုဋေဖြိုးအောင်နှင့် စိုင်းအောင်အောင်ဇော်တို့အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ညီညီချစ်ထူး(ခ)မိုင်း၊ သန်းထက်ဇင်(ခ) မိုးစက်၊ ရွှန်းလဲ့ဝေ(ခ)ဟာနာ(ခ)နောဝိုင်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ❖ ဇူလိုင် ၂၈ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်နှင့် ကျော်ကောင်းထက် (ခ)ကောင်းထက်(ခ)အောင်နိုင်မိုးတို့ နှစ်ဦးသည် ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဘိုကလေးဈေးအနီး၌ အမှတ်(၇)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း(ခ)ဘော်ဘီအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဥက္ကာဖြိုး(ခ)ဖရန့်(ခ)အုပ်ကြီး၊ နေရှိုင်း(ခ)ရှိုင်းထက်၊ ဇေယျာလင်းထက်(ခ)ဟန်လင်းထက်၊ ဇင်မေလတ်(ခ)ရတီ(ခ)ပေရယ်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ❖ စက်တင်ဘာ ၂၄ ရက်တွင် သန်းထွဋ်ပိုက်(ခ)ကိုစိုင်း(ခ)ဂျိုးမိုက်နှင့် နေရှိုင်း(ခ)ရှိုင်းထက်တို့ နှစ်ဦးသည် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း အိမ်အမှတ်(၄/၂၈–က)တွင်နေထိုင်သော ဦးအုန်းသွင်နှင့် ၎င်း၏ သားမက်ဖြစ်သူ ကိုရဲတေဇတို့အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ကျော်ကောင်းထက်(ခ) ကောင်းထက်(ခ)အောင်နိုင်မိုး၊ ဥက္ကာဖြိုး(ခ) ဖရန့်(ခ)အုပ်ကြီး၊ ဇေယျာလင်းထက်(ခ) ဟန်လင်းထက်၊ ဇင်မေလတ်(ခ)ရတီ (ခ)ပေရယ်နှင့် ပန်းအိအိကျော်(ခ)အိန္ဒြာတို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော ကိုပိုင်(ခ)စစ်နိုင်၊ သီဟ(ခ)ကူးပါးနှင့် ကိုထက်(ခ)ကိုဗန်တို့က ခိုင်းစေခဲ့ခြင်းဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်/ခဲယမ်းများကို ကိုပိုင်(ခ)စစ်နိုင်က ထုတ်ပေး၍ လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်ပြီးပါက ကိုပိုင်(ခ)စစ်နိုင်ထံသို့ ပြန်လည်အပ်နှံရကြောင်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းမှ နှစ်သိန်းအထိ ရရှိကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံ အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း အိမ်အမှတ်(၄/၂၈–က)ရှေ့၌ အပြစ်မဲ့ပြည်သူ နှစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ဦးအုန်းသွင် (သေဆုံး)



ကိုရဲတေဇ(သေဆုံး)

၂၀၂၂ ခုနှစ် မေ ၁၀ ရက်တွင် လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ကမ်းနားလမ်းရှိ “အောင်ကောင်းစံ” စားသောက်ဆိုင်အတွင်း၌ စစ်သည် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



ဗိုလ်မှူး ကုဋေဖြိုးအောင်(ကျဆုံး)



စိုင်းအောင်အောင်ဇော်(သေဆုံး)

၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဘိုကလေးဈေးအနီး၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ



အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း(ခ)ဘော်ဘီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၀၅ | ၂၇၇၀ |
| 95 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၄၀ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၄၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၄၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၄၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၀ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၇၅ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၀ | ၂၈၂၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၅ | ၂၉၂၀ | ၂၉၁၅ | ၂၈၁၀ | ၂၈၂၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၆၀ | ၃၀၇၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၂ | ၁၉၇၄ |
| 95 Ron | ၁၉၈၈ | ၂၀၆၁ |
| HSD (500 ppm) | ၂၅၈၁ | ၂၆၆၂ |
| HSD (50 ppm) | ၂၆၅၂ | ၂၇၃၅ |
| HSD (10 ppm) | ၂၆၅၂ | ၂၇၃၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကမာရွတ်မြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန် တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် (ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားတွင် ကမာရွတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြင့်သူ၊ ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဆရာကြီးဦးတင့်ဝေတို့က အမှာစကားများပြောကြားသည်။

ထို့နောက် ဆရာကြီးဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးရာတွင် အခြေခံပညာကျောင်းများ၏ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရန်၊ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ခေါင်းဆောင်မှုတာဝန်ယူထားရသော ဆရာကြီး ဆရာမကြီးများ၏ စီမံခန့်ခွဲမှုသည် အလွန်ပင်အရေးကြီးပြီး ယုံကြည်ချက်၊ ခံယူချက်တို့ မှန်ကန်စွာဖြင့် တာဝန်နှင့် စည်းကမ်းများကို လေးစားလိုက်နာကာ ဆရာ့ကျင့်ဝတ်နှင့်အညီ အရည်အချင်းပြည့်ဝသည့် ကျောင်းအုပ်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကမာရွတ်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ် ခြောက်ဦး၊ အလယ်တန်းကျောင်းအုပ် တစ်ဦး၊ မူလတန်းကျောင်းအုပ် ၁၁ ဦး၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ခြောက်ဦး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ တစ်ဦး စုစုပေါင်း ၂၅ ဦးတို့ တက်ရောက်ခဲ့ပြီး ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် စီမံကိန်း ကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ကျောင်းအုပ်ကြီးများစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားစေရန် တိတိကျကျမှန်မှန်ကန်ကန် လုပ်ဆောင်နိုင်စေရန်နှင့် အတွေး၊ အမြင်များ မှန်ကန်အောင်လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့်(ဆင့်ပွား) အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အင်းစိန်အထက(၁) ရှိ ရေဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၊ ရုံးအဖွဲ့များ စုစုပေါင်း ၅၃ ဦး တက်ရောက်ပြီး နည်းပြအဖြစ် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းနွယ်က ပညာရေးကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းကြီးကြပ်အကဲဖြတ်ခြင်း ဘာသာရပ်များကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ဟိုပုံးမြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ဟိုပုံး အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် သမဝါယမအသင်းစုလီမိတက်က ၂၀၂၀ - ၂၀၂၁၊ ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဟိုပုံးမြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဟိုပုံးမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဟိုပုံးမြို့နယ် သမဝါယမအသင်းစုမှ အသင်းအမှုဆောင်နှင့် အသင်းဝင်များ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို တင်ပြဆွေးနွေးပြီး အမှုဆောင်အဖွဲ့၏ ဆောက်ရွက်ချက်များ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်း၊ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နာဂဒေသ၏ သဘာဝပတ်ဝန်းကျင်သာယာလှပမှုနှင့် တောတောင်စိမ့်စမ်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း



**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က နာဂဒေသ၏ သဘာဝပတ်ဝန်းကျင်သာယာလှပမှုနှင့် တောတောင်စိမ့်စမ်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုမှန်ကန်စေရေးတို့အတွက် အဟန့်အတားဖြစ်စေသည့် တောင်ယာခုတ်ကာ စိုက်ပျိုးသည့် အလေ့အထပပျောက်ကာ ချောင်းရေအားအသုံးပြု၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်မည့် လယ်ယာစနစ်ကို ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် တိုက်ရန်ချောင်းဝဲ/ယာတွင် ကုန်းမြင့်လယ်ယာ ၁၄၃ ဧက ဖော်ထုတ်နိုင်မည့် မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကျန်-တိုက်ရန်-အံ့ပေါ်ကျေးရွာသွားကားလမ်းပေါ်ရှိ ကျဝီချောင်းကူးတံတားအရှည်ပေ ၆၀၊ အကျယ် ပေ ၂၀ သံကူကွန်ကရစ်တံတားတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး မကျန်ကျေးရွာ၌ မကျန်နှင့် စံတုန်ကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားများက မိမိတို့ကျေးရွာများအလိုက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မကျန်နှင့် စံတုန်ကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများအား ဆန်၊ အာလူး၊ ကြက်သွန်၊ ဆားနှင့် အခြေခံပညာကျောင်းများအတွက် ငွေကျပ်ငါးသိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် ဆာဖိုးသာမျိုးစပါးစံကွက်ရိတ်သိမ်းမှု ကြည့်ရှုအားပေး

**ကျောင်းကုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စု မုန်းသီတာကုမ္ပဏီ၏ ကန်ထရိုက်လယ်ယာမြေ ၆၀၁ ဧက၌ ယနေ့မွန်းတည့် ၁၂ နာရီက ဆာဖိုးသာ မျိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

**ဗီယက်နမ်မျိုး**

အဆိုပါ ဆာဖိုးသာစပါးမျိုးမှာ ရွှေကျင်းကြီး သမဝါယမလီမိတက်က ဗီယက်နမ်နိုင်ငံမှတင်သွင်းသော မျိုးဖြစ်ကြောင်း၊ မူလအမည်မှာ HAPHAT-3 (HP-3) ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ် နွေစပါးရာသီတွင် စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ ကျောက်တံတားသုတေသနခြံ (မတ္တရာ) နှင့် ဆန်စပါးသုတေသနဌာန (မှော်ဘီ) စသည့်သုံးနေရာ၌ စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧက တင်း ၁၅၀ ကျော်ထွက်ရှိသော စပါးမျိုးဖြစ်ကြောင်း၊ ၎င်းနေရာသုံးခု၌ ယခုမိုးရာသီတွင်လည်း စိုက်ပျိုးထားကြောင်း၊ ရိတ်သိမ်းထွက်ရှိလာပါက အမျိုးသားမျိုးစေ့ကော်မတီသို့ မျိုးစေ့မှတ်ပုံတင်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုန်းသီတာကုမ္ပဏီ တာဝန်ခံ ဦးဌေးရှိန်က ပြောသည်။

ဆာဖိုးသာစပါး စံကွက်ရိတ်သိမ်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး အစိုတင်း ၁၇၈ ဒသမ ၆၃ နှင့် အခြောက် ၁၄၈ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ မျိုးစပါးစံပြစိုက်ကွက်နှင့် မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက်များအတွင်း တစ်ဧကတင်း ၁၀၀ အထက် အထွက်နှုန်းတိုးပွားလာမည့်အခြေအနေနှင့် သီးထပ်သီးနှံအဖြစ် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးသွင်းအားစုနှင့် ရေအရင်းအမြစ်ရရှိရေးအတွက် ယမန်နေ့ညနေ ၃ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**တစ်ဧက တင်း ၁၂၀**

ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း ဆင်းဧကရီ-၃ မျိုးစပါးများ ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် တစ်ဧကလျှင် တင်း ၁၂၀ နီးပါးထွက်ရှိနိုင်မည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း မိုးစပါးအပြင် သီးထပ်သီးနှံ နေကြာအပါအဝင် ဟင်းသီးဟင်းရွက်စိုက်ခင်းများဖြင့် တစ်နှစ်ပတ်လုံး သီးထပ်သုံးသီးဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ ကွင်းအမှတ် (၄) အတွင်း မိုးစပါးမှော်ဘီမျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက်၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ကရင်ပြည်နယ်၌ မိုးစပါးစံကွက် ၃၂၄၀ ကွက် ရိတ်သိမ်းမည်

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ်တွင် မိုးစပါး စံကွက်ပေါင်း ၃၂၄၀ ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း ယမန်နေ့ ညနေ ၃ နာရီက ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၀၇-ခ) ဝါးဆူးကွင်းရှိ တောင်သူ ဒေါ်မူးဒီး၏ ဆင်းသုခ (၁ ဒသမ ၄၀ ဧက)စိုက်ခင်း၌ ကျင်းပသည့် မိုးစပါး စံကွက်ရိတ်သိမ်းပွဲမှ သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများ၏ လူနေမှုဘဝ သာယာမြင့်မားတိုးတက်ရေး၊ လယ်ယာထွက်ကုန်သီးနှံများ အထွက်နှုန်းမြင့်မားရေး၊ ဈေးကွက်ဝင်သီးနှံများနှင့် အဓိကသီးနှံများ ဈေးကောင်းရရှိရေးတို့ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိရေး စိုက်ပျိုးပြီးစီးသည့် မိုးစပါးဧကများအနက် ကိုယ်စားပြုအလွှာ(သင့်) ကိုယ်စားပြုသော ဆင်းသုခမိုးစပါးစိုက်ခင်းကို တောင်သူများနှင့်အတူ (၆ ဒသမ ၆ ပေ x ၆ ဒသမ ၆ ပေ) ပတ်လည်ဧရိယာသုည ဒသမ ၀၀၁ ဧက စံကွက်သုံးကွက်အား မိုးစပါး စံကွက်ရိတ်သိမ်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ခြောက်သွေ့ပြီး တစ်ဧကအထွက်နှုန်း ၆၅ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသား မြို့နေ၊ ကျေးလက်နေ လူမျိုး၊ ဘာသာမရွေး လက်တွေ့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေအတွက် အထောက်အကူပြုရန်အလို့ငှာ အသိပညာ မျှဝေတဲ့အနေနဲ့ အလွယ်တကူ နားလည်လွယ်တဲ့စကားရပ်တွေနဲ့ ဒီစာအုပ်ကိုရေးသားခဲ့ရခြင်းဖြစ်ပါတယ်

**ဒေါက်တာသန်းထိုက်**

**တွေ့ဆုံမေးမြန်း- လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။


ဒေါက်တာသန်းထိုက်


Maung Swe Ngae

**စာအုပ်အမည်-သိပ္ပံနည်းကျဒေတာလမ်းပြ (စားသောက်ကုန်တာရှည်ခံထိန်းဓာတုပစ္စည်းများ စံချိန်စံညွှန်းပြည့်စုံစွာ အသုံးပြုနည်း)**
**ဘာသာရပ်-သုတပဒေသာ(အသုံးချသိပ္ပံ)**
**စာရေးသူ-ဒေါက်တာသန်းထိုက်**

စာအုပ်ဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီးပြောရရင် ဒီစာအုပ်အတွက် လိုအပ်တဲ့အချက်အလက်တွေကို ကျွန်တော့်တစ်သက်တာ ထမ်းဆောင်ခဲ့ရတဲ့ တာဝန်မှတ်တမ်းတွေကို စုဆောင်းခဲ့ရပါတယ်။ ဓာတုပစ္စည်းရောင်းဝယ်တဲ့ကုမ္ပဏီတွေက လုပ်ငန်းရှင်တွေအတွက် ပံ့ပိုးပေးရတဲ့ လက်တွေ့အားနည်းချက်တွေ၊ စားသောက်ကုန်လုပ်ငန်းတွေမှာ လက်တွေ့အားနည်းချက်တွေ၊ စားသောက်ကုန်လုပ်ငန်းတွေမှာ လက်တွေ့အသုံးပြုနေကြတဲ့ တာရှည်ခံထိန်းဓာတုပစ္စည်းတွေကို နယ်အသီးသီးမှာ ခန့်မှန်းပြီး အသုံးပြုနေကြရတဲ့ အခြေအနေ၊ အမှန်တကယ်လိုအပ်ချက်စတာတွေကို ကွင်းဆင်းလေ့လာစုဆောင်းခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှာ လုပ်သင့်လုပ်ထိုက်တဲ့ ပံ့ပိုးမှုတွေကို ပညာပေးခြင်း၊ လက်တွေ့ကူညီပေးခြင်းတွေကို ပြန်လည်စဉ်းစားပြီး အချက်အလက်တွေ စုဆောင်းခဲ့ပါတယ်။

တက္ကသိုလ်မှာ သင်ကြားပေးရတဲ့နည်းပညာသိပ္ပံတွေနဲ့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှရရှိတဲ့ အတွေ့အကြုံတွေကို ပူးပေါင်းဟောပြောခဲ့တဲ့ မှတ်တမ်းတွေကိုလည်း ပြန်လည်ရယူခဲ့ပါတယ်။ နိုင်ငံတော်အတွင်း လုပ်ကိုင်စားသောက်နေကြတဲ့ မြန်မာနိုင်ငံသား မြို့နေ၊ ကျေးလက်နေ လူမျိုး၊ ဘာသာမရွေး လက်တွေ့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေအတွက် အထောက်အကူပြုရန် အလို့ငှာ အသိပညာ မျှဝေတဲ့အနေနဲ့ အလွယ်တကူ နားလည်လွယ်တဲ့ စကားရပ်တွေနဲ့ ဒီစာအုပ်ကိုရေးသားခဲ့ရခြင်းဖြစ်ပါတယ်။

စာပေလောက ဖြတ်သန်းမှုအနေနဲ့ပြောရရင် တကယ်တော့ ကျွန်တော်က စာရေးသားတာ ကျွမ်းကျင်မှုမရှိသေးပါဘူး။ အထူးသဖြင့် မြန်မာစာနဲ့ ရေးသားမှုမှာ အခက်အခဲရှိခဲ့ပါတယ်။ ကျွန်တော့်ဇနီး (ယခုကွယ်လွန်)က အနီးကပ်ပြင်ဆင်ပေးမှုကြောင့်သာ စာရေးမှု ပြီးမြောက်ခဲ့တာဖြစ်ပါတယ်။ လိုအပ်တဲ့ အချက်အလက်ဒေတာတွေကို အင်တာနက်က ရယူထားပြီး အင်တာနက်အသုံးပြုမှုနှင့် အခြားသော နည်းပညာဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေရေးအတွက် သမီးဖြစ်သူက ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်။ ရေးသားတဲ့အခါမှာလည်း အခက်အခဲတွေရှိခဲ့ပါတယ်။ နည်းပညာဆိုင်ရာ အသုံးအနှုန်းတွေကို တသီးတသန့် ရေးသားရင် စာဖတ်သူတွေအခက်အခဲရှိမှာ စိုးရိမ်လို့ ဘာသာပြန်တဲ့နေရာမှာ Dictionary အမျိုးမျိုးနဲ့ ကြည့်ရှုရွေးချယ်ခဲ့ရပါတယ်။ MCM Co. မှ ဓာတုအင်ဂျင်နီယာတွေ၊ ရန်ကုန်တက္ကသိုလ်နဲ့ တခြားတက္ကသိုလ်တွေက ကုန်ထုတ်ဓာတုဗေဒ ပါမောက္ခတွေ၊ ကထိကတွေက စာရေးသူကို ပြင်ဆင်တည်းဖြတ်ပေးခဲ့လို့ အခုလိုချောမွေ့ခဲ့ရတာဖြစ်တဲ့အတွက် ကျေးဇူးအလွန်တင်ရှိပါတယ်။

စာဖတ်သူတွေအတွက် အကျိုးရှိစေရန်ရည်ရွယ်၍ စုဆောင်းရေးသားဖြန့်ဝေနိုင်ခဲ့လို့ ကျေနပ်အားရပါတယ်။ အခုလိုမျိုး နိုင်ငံတော်မှ အမျိုးသားစာပေဆုကို ရရှိမယ်လို့ လုံးဝမမျှော်လင့်ခဲ့ပါဘူး။ ယခင်ရရှိခဲ့တဲ့ စာရေးဆရာကြီးတွေကိုလည်း အလွန်အားကျမိခဲ့ပါတယ်။ အခု လက်တွေ့ရရှိတဲ့အခါကျတော့ အတိုင်းထက်အလွန်ပီတိဖြစ်မိပါတယ်။ ရွေးချယ်ရေးအဖွဲ့နဲ့ နိုင်ငံတော်ဌာနများမှ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော့်ထက် ဘာသာရပ်ဗဟုသုတကြွယ်ဝကြတဲ့ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ကထိကများ၊ ပင်စင်ယူပြီးပါကလည်း မိမိတို့၏အသိပညာများကို ဖြန့်ဝေရေးသားပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**စာအုပ်အမည်-**
**Through the Window of Sarpay Beikman**
**ဘာသာရပ်-အင်္ဂလိပ်ဘာသာ(ရသ)**
**စာရေးသူ-Maung Swe Ngae**

ဒီနှစ် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်က စာပေဗိမာန်ရဲ့ စိန်ရတုပေါ့။ အဲဒီစိန်ရတုကိုအမှီ ဘာလုပ်ရမလဲဆိုပြီးစဉ်းစားတာ ကိုယ်ကလည်းစာပေဗိမာန်မှာနှစ်ပေါင်း ၄၀ ကျော်လုပ်လာခဲ့တာ။ ၄၀ ကျော်ဆိုတာက စာပေဗိမာန်ကို ၁၉၈၀ ကနေ စရောက်တယ်။ အယ်ဒီတာနဲ့လုပ်နေလိုက်တာ ၂၀၀၀ ပြည့်နှစ်မှာ စာတည်းမှူးချုပ်ဖြစ်သွားတယ်။ စာတည်းမှူးချုပ်ဖြစ်ပြီးတော့ ၂၀၀၇ ခုနှစ်မှာ အငြိမ်းစားဖြစ်သွားတယ်။ အငြိမ်းစားဖြစ်သွားပေမယ့် အကြံပေးအဖြစ် ငါးနှစ်ဆက်လုပ်ပြီးတော့ နားလိုက်တယ်။ နားလိုက်တယ်ဆိုပေမယ့် စာပေဗိမာန်ရဲ့စာပေအဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေမှာ အကုန်လုံးပါနေတယ်။ အဲဒီအချိန်တည်းက အခုအချိန်အထိပေါ့။ နှစ်ပေါင်း ၄၀ စာပေဗိမာန်ကိုအလုပ်အကျွေးပြုတာ။

ဒီစာပေဆုရတဲ့စာအုပ်ထဲမှာ စာပေဗိမာန်အကြောင်းတွေ၊ ဆိုရန်တိုဗီလာအကြောင်းတွေ၊ နောက်ပြီးတော့ စာပေဗိမာန်မှာရှိနေတဲ့ပြည်သူ့စာကြည့်တိုက်အကြောင်းတွေ၊ စာပေဆုတွေအကြောင်း၊ တစ်သက်တာစာပေဆုမွေးဖွားလာတဲ့အကြောင်း၊ ကိုယ်တိုင်လုပ်ခဲ့တာဖြစ်တဲ့အတွက် ကိုယ်တိုင်သိလို့ ရေးခဲ့တာ ဖြစ်ပါတယ်။ နောက်ပခုက္ကူဦးအုံးဖေစာပေဆု အကြောင်းပေါ့။ အဲဒါအင်္ဂလိပ်လိုမရှိဘူး။ နောက် စာတမ်းဖတ်ပွဲကြီးတွေ၊ အရှေ့တောင်အာရှစာပေဆုအကြောင်းတွေရေးထားတယ်။ တစ်သက်တာ စာပေဆုဘယ်လိုပေါ်လာသလဲဆိုတာ ဒီအထဲမှာအကုန်ပါတယ်။ နောက်ဒီစာအုပ်က နှစ်ပိုင်းခွဲထားတယ်။ အေနဲ့ဘီနဲ့ပေါ့၊ ဘီကဘာလဲဆိုတော့ ရသထဲမှာပါတယ်။ အဲဒီထဲမှာတရုတ်စာရေးဆရာ အသင်းနဲ့ကိုယ်တို့စာရေးဆရာအကြောင်းတွေ၊ ဆင်ဖြူကျွန်းအောင်သိန်းတို့အကြောင်းတွေ အကုန်ပါတယ်။ ကိုယ်ဘယ်လိုကြိုးစားလာခဲ့ရတယ်ဆိုတဲ့အကြောင်း၊ နောက်အများကြီးပဲ စာဖတ်တဲ့ အကြောင်းလေးတွေပါတယ်။ သုတရောရသရောနှစ်ပိုင်းပါဝင်တယ်။ အဲဒါကြောင့် သူတို့က ရသပိုင်းကနေပေးတာ ဖြစ်ပါတယ်။

ဒီစာအုပ်ကို ဘာကြောင့်ရေးရလဲဆိုတော့ ကိုယ့်ရဲ့မိခင်ဌာန စာပေဗိမာန်ကြီးကို ကိုယ်က ကျေးဇူးဆပ်တဲ့အနေနဲ့ ရေးခဲ့တာဖြစ်ပါတယ်။ ဆုရမယ်လို့ ထင်မထားဘူး။ အခုလိုဆုရတာဟာ ကိုယ်က ကျေးဇူးဆပ်လို့ ပြန်လည်ကျေးဇူးတုံ့ပြန်တဲ့သဘောမျိုးလို့ အောက်မေ့ပါတယ်။ စာအုပ်က သိပ်မထုတ်တော့ဘူး။ ဝတ္ထုတွေ ရေးတယ်။ ကဗျာတွေရေးတယ်၊ ဆောင်းပါးတွေ ရေးတယ်။ အရင်တုန်းကအင်္ဂလိပ်သတင်းစာနဲ့မြန်မာသတင်းစာမှာ မောင်လှိုင်အမည်နဲ့ရေးတာ။ အရင်တုန်းက သတင်းစာ ခုနစ်စောင်ရှိတယ်၊ အဲဒီခုနစ်စောင်မှာ မောင်လှိုင်အမည်နဲ့ရေးတာ၊ အင်္ဂလိပ်လည်းရေးတယ်။ဗမာလည်းရေးတယ်။ အခုဒီဘက်ပိုင်းကျတဲ့အခါကျတော့ အင်္ဂလိပ်ကိုပဲ မောင်လှိုင်အမည်နဲ့ရေးတယ်။ တစ်ခါတစ်ခါ မောင်ဆွေငယ်နဲ့ရေးတယ်။ အပြင်စာစောင်မှာတော့ မောင်ဆွေငယ်နဲ့ ရေးတာပေါ့။ မောင်လှိုင်နဲ့က နှစ်အုပ်ထုတ်တာ။ ဒါက မောင်ဆွေငယ်နဲ့ ထုတ်တာ။ စာအုပ်အနေနဲ့ဆိုရင် သုံးအုပ်ရှိသွားပြီ။ ဒီစာအုပ်ကို ထုတ်ပေးတဲ့သူကို ကိုယ်ကျေးဇူးတင်တယ်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ကို ကျေးဇူးတင်ပါတယ်။ ဒီဆောင်းပါးတွေကို ရေးနိုင်အောင် ကိုယ့်ကိုလက်တွဲခေါ်ပေးခဲ့တဲ့ ဆရာကြီး ဦးဘကျော်တို့၊ မင်းကျော်မင်းတို့ကို ကျေးဇူးတင်ပါတယ်။ နောက်ပြီး ငယ်ငယ်တုန်းကကိုယ့်ကိုသင်ပေးခဲ့တဲ့ ဝါးခယ်မက ဆရာကြီးဦးအောင်သန်း၊ အင်္ဂလိပ်စာ ပါမောက္ခဆရာ ကြီးဦးမျိုးမင်း၊ ဆရာကြီး ဒေါက်တာမောင်မောင်ကြင်၊ ဆရာကြီးသခင်ဘသောင်း သူတို့ဆီကနေပြီး ကိုယ်က ပညာတွေရခဲ့ တာဆိုတော့ အဲဒီဆရာကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ။

---

## မြဝတီမြို့၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား)သင်တန်းဖွင့်

**မြဝတီ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား)သင်တန်းကို အောက်တိုဘာ ၂၉ ရက်က မြဝတီမြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွားသင်တန်း)တွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားရာ ယခုကဲ့သို့ အားလုံးကို တစုတဝေးတည်း တွေ့ဆုံရသည့်အတွက် ဝမ်းသာကြောင်း၊ ယခုလိုဆုံတွေ့ရသည့် တစ်ကျောင်းနှင့် တစ်ကျောင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့ကျောင်း၏ သင်ကြားရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း၊ သို့မှသာ စီမံခန့်ခွဲမှုစွမ်းရည်များ မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြဝတီမြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွားသင်တန်း)ကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက် အထိ နှစ်ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြဝတီမြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့်ကော့ကရိတ်မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုညိုမေတို့က ဆွေးနွေးပို့ချကာ သင်တန်းသား သင်တန်းသူ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူ စုစုပေါင်း ၁၀၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

## နတ်မောက်မြို့၌ အခြေခံလူတန်းစား အိမ်ထောင်စု ၅၀၀ အား စားကုန်များထောက်ပံ့ပေး

**နတ်မောက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၅၀၀ အား စားကုန်များထောက်ပံ့ပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်ရှိ စုရပ်များတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့အခြေခံလူတန်းစားအိမ်ထောင်စုများအား စားကုန်များ ထောက်ပံ့ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့်ဌာနဆိုင်ရာများက အောင်ဆန်းရပ်ကွက်ရှိ အိမ်ထောင်စု ၇၅ စု၊ ဈေးရပ်ကွက် အိမ်ထောင်စု ၇၅ စု၊ တမာပင်ရပ်ကွက် အိမ်ထောင်စု ၇၀ ၊ ရန်အောင်မြင်ရပ်ကွက် အိမ်ထောင်စု ၇၀ ၊ ကန်ကြီးရပ်ကွက်အိမ်ထောင်စု ၇၀၊ မြို့မကွက်သစ်ရပ်ကွက်အိမ်ထောင်စု ၇၀ စု၊ မြို့မရပ်ကွက် အိမ်ထောင်စု ၇၀ စုစုပေါင်း အိမ်ထောင်စု ၅၀၀ တို့အား ဆန်၊ဆီ၊ ဆား ၊ကုလားပဲများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တက်ရောက်လာသော အခြေခံလူတန်းစားများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

ပုံပြင်

# လေက်မ

မင်းယုဝေ

ရှေးသရောအခါ သစ်ခုတ်သမားလင်မယား နှစ်ယောက်ရှိလေသည်။ သူတို့တွင် သားသမီး တစ်ယောက်မျှမရှိချေ။ ထိုသို့သားသမီးတစ်ယောက်မျှမရှိဘဲနေရခြင်းကို သူတို့သည် များစွာငြီးငွေ့ကြလေသည်။ တစ်ညတွင် ခင်ပွန်းဖြစ်သူသည် မီးဖိုအနီးတွင် ထိုင်လျက် သားသမီးမရှိသည်မှာ များစွာ ပျင်းရိဖွယ်ကောင်းကြောင်း ပြောဆိုညည်းတွားနေ၏။ ထိုအခါ ဇနီးသည်က...

"မောင်ပြောသည်မှာ မှန်လှပါသည်။ ကျွန်မတို့တွင် ကလေးတစ်ယောက်လောက်သာရှိပါက မည်မျှပျော်စရာကောင်းလိမ့်မည်နည်း။ ထိုကလေးသည် ကျွန်မ၏ လက်မကလေးလောက်ပင် သေးပါစေ၊ ကျွန်မသည် အလွန်ချစ်ခင်မိမည်မှာ အမှန်ပါ" ဟု ပြောလေသည်။

မကြာမီပင် သူတို့၏ဆန္ဒသည် ပြည့်ဝလာလေ၏။ မည်မျှပြည့်ဝသနည်းဟူမူ ရရှိသောကလေးငယ်သည် လက်မခန့်မျှပင် ရှိနေသောကြောင့်တည်း။ မည်သို့ဖြစ်စေ သူတို့သည် ထိုကလေးကို အလွန်ချစ်ခင်မြတ်နိုးကြလေသည်။ ကလေးအရွယ်ကိုလိုက်၍လည်း 'လေက်မ' ဟု အမည်ပေးလေသည်။ သူတို့သည် လေက်မကို အစားအစာများစွာကျွေးမွေးလေသည်။ သို့ရာတွင် လေက်မကား ထိုအရွယ်မှမတက်ချေ။ သို့ဖြစ်စေကာမူ သူ၏မျက်လုံးများမှာ တောက်ပလျက် လိမ္မာရေးခြားရှိသောအသွင်ကိုဆောင်နေပေသည်။ ထိုသို့ လိမ္မာရေးခြားရှိကြောင်းကိုလည်း မကြာမီပြလေတော့၏။

တစ်နေ့တွင် သစ်ခုတ်သမားသည် တောထဲသို့ သစ်ခုတ်ရန်သွားခါနီး၌...

"ငါ့နောက်မှ လှည်းကိုယူ၍လိုက်လာမည့် သူတစ်ယောက်လောက် ရှိစေချင်စမ်းပါဘိ၊ ယနေ့အဖို့ ငါ့မှာ ကိစ္စအရေးကြီးနေသည်" ဟုဆို၏။ ထိုအခါ လေက်မက လှည်းကို သူယူခဲ့မည်ဟု ပြောလေသည်။ ဖခင်ဖြစ်သူက ရယ်မောလျက် မဖြစ်နိုင်သည်ကို မပြောပါနှင့်ဟုဆို၏။ ဤတွင် လေက်မက

"ဖခင် မစိုးရိမ်ပါလင့်။ မိခင်ကိုသာ လှည်း၌ မြင်း တပ်စေပါ။ သားမောင်က မြင်းနားရွက်ထဲတွင် ထိုင်လျက်မောင်းနှင်ခဲ့ပါမည်"ဟု ဆိုလေသည်။ ဖခင်လည်း စမ်းကြည့်အံ့ဟုဆို၏။

မိခင်သည် လှည်းတွင် မြင်းတပ်ပြီးနောက် လေက်မကို မြင်းနားရွက်ထဲသို့ ထည့်ပေးလိုက်သည်။ လေက်မလည်း မြင်းကို 'သွားတော့'၊ 'ရပ်' စသည်ဖြင့် ညွှန်ကြားလိုက်ပါ၏။ မြင်းသည် သစ်ခုတ်သမားကိုယ်တိုင်မောင်းနှင်သကဲ့သို့ပင် လှည်းကို ချောမောဖြောင့်တန်းစွာဆွဲသွားလေသည်။ တစ်ချိန်၌မူ မြင်းသည် အနည်းငယ်မြန်စွာသွားလိုက်လေသည်။

ထိုအခါ လေက်မက "ဖြည်းဖြည်း... ဖြည်းဖြည်း" ဟုအော်လိုက်၏။ ထိုအခိုက်တွင် အနီး၌ ခရီးသွားနှစ်ဦးရှိလေရာ ထိုသူတို့သည် အသံကိုသာ ကြားရပြီး လူကို မမြင်ရသဖြင့် များစွာအံ့သြနေကြလေ၏။ ထို့နောက် သူတို့သည် ထိုထူးဆန်းသောအဖြစ်အပျက်ကို အမှန်အတိုင်းသိလိုရကား လှည်းနောက်သို့ လိုက်ကြလေသည်။

လေက်မသည် ဖခင်သစ်ခုတ်ရာသို့ ရောက်သောအခါ ဖခင်အား ဟစ်အော်နှုတ်ဆက်၏။ ထို့နောက် သူ့ကို မြင်းနားရွက်အတွင်းမှ ထုတ်ယူရန်ပြော၏။ ဖခင်လည်း သားငယ်အား မြင်းနားရွက်တွင်းမှ ထုတ်၍ ကောက်ရိုးများပေါ်တွင် တင်ထားလေသည်။ နောက်မှလိုက်ပါလာသော ခရီးသည်နှစ်ဦးသည် ထိုအဖြစ်ကိုမြင်လျှင် အံ့မဆုံးရှိကြလေ၏။ ထို့နောက် သူတို့နှစ်ဦးသည် တိုင်ပင်ကြကာ လေက်မ၏ဖခင်ထံ သွားရောက်ကြ၏။ သူတို့က လေက်မအား ရောင်းပါ၊ အလိုရှိသောတန်ဖိုးကို ပေးပါမည်ဟု ဆိုလေသည်။ သူတို့၏အကြံမှာ လေက်မကို အမြို့မြို့အရွာရွာ လိုက်လံပြသခြင်းဖြင့် ငွေများစွာရရန်ဖြစ်လေသည်။ သို့ရာတွင် ဖခင်က သူ့သားကိုမရောင်းဟု ငြင်းပယ်လိုက်လေသည်။ သို့သော် လေက်မသည် သူ့ဖခင်၏ ပခုံးသို့ အကျီမှ တွယ်တက်ပြီးနောက်...

"ဖခင်၊ သားမောင်ကို ရောင်းသာရောင်းလိုက်ပါ၊ မကြာမီပင် ဖခင်ထံ သားမောင်ပြန်လာပါမည်" ဟု တီးတိုးပြော၏။

ထို့ကြောင့် ဖခင်သည် ရွှေတုံးကြီးတစ်တုံးဖြင့် လဲလှယ်ရောင်းချရန် သဘောတူလိုက်၏။ ထိုခရီးသည်နှစ်ဦးသည် လေက်မအား ဝယ်ယူပြီးသော် မည်သည့်နေရာ၌ထိုင်ကာ လိုက်ပါလိုသနည်းဟု မေးမြန်းလေသည်။ လေက်မက...

"ခရီးသည်တစ်ဦး၏ ဦးထုပ်နှုတ်ခမ်းပေါ်၌ ထိုင်လျက် လိုက်ပါလိုသည်။ သို့မှ လိုရာခရီး တစ်လျှောက် အလုံးစုံကိုမြင်နိုင်မည်" ဟု ဆိုလေသည်။

ခရီးသည်လည်း လေက်မအား သူ၏ဦးထုပ်နှုတ်ခမ်းပေါ်တွင် ထိုင်စေလျက် ခရီးဆက်လေသည်။

ညချမ်းအချိန်သို့ရောက်သော် လေက်မက

"ခရီးသွားရသည်မှာ ပင်ပန်းလှပြီ၊ ခေတ္တနားရန် မြေပေါ်သို့ ချပေးပါ" ဟုဆိုလေသည်။ ခရီးသည်လည်း ဦးထုပ်ကိုချွတ်ကာ လေက်မအား လယ်ကွင်းထဲရှိ မြေစိုင်ခဲကြီးတစ်ခုပေါ်သို့ တင်ထားလိုက်လေ၏။ ထိုခဏ၌ လေက်မသည်မြေစိုင်ခဲပေါ်မှ ခုန်ဆင်းကာ ထွန်ကြောင်းတစ်လျှောက် ထွက်ပြေးလေ၏။ သူသည် ကြွက်တွင်းဟောင်းတစ်ခုကို တွေ့လျှင် ဝင်ပြေးလေတော့၏။ ခရီးသည်နှစ်ဦးသည် လေက်မ ထွက်လာရန် တုတ်များဖြင့် ကြွက်တွင်းထဲသို့ ထိုးကြ၏။ သို့ရာတွင် မရပေ။ နောက်ဆုံးတွင် သူတို့သည် လက်လျှော့ကာ ခရီးဆက်လက်ထွက်ခွာသွားလေ၏။

လေက်မသည် ထိုသူတို့ သွားသည်ကိုမြင်လျှင် တွင်းထဲမှ ထွက်လာလေသည်။ ထို့နောက် လယ်ကွင်းထဲတွင် လျှောက်သွားသည်။ သို့သွားစဉ် အကယ်၍ မြေစိုင်ခဲတစ်ခုပေါ်မှ ချော်ကျပါက သူ့အဖို့ ဇက်ကျိုးဖွယ်ရာသာရှိတော့သည်ဟု တွေးမိလေသည်။ မကြာမီ သူသည် ခရုခွံကြီးတစ်ခုကို တွေ့လေသည်။ သူက ဘေးကင်းစွာ အိပ်စက်ရန် နေရာကောင်းရပြီဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာ ထိုခရုခွံအတွင်းသို့ဝင်၍ အိပ်လေ၏။ သူအိပ်ပျော်မည်ပြုစဉ် အနီးမှ လူနှစ်ယောက်စကားပြောသံကို ကြားရလေ၏။ တစ်ယောက်သောသူက သူဌေးကြီး၏ရွှေငွေများကို မည်သို့ခိုးယူရပါမည်နည်းဟု ဆိုလေသည်။ ထိုအခါ လေက်မက ခရုခွံထဲမှနေ၍...

"မိတ်ဆွေများ၊ ကျွန်ုပ်ပြောပြပါမည်"ဟု အော်လိုက်လေသည်။ သူ့အသံကိုကြားသော် သူခိုးနှစ်ယောက်သည် ထိတ်လန့်သွားကြလေသည်။

လေက်မက ဆက်၍...

"ကျွန်ုပ်အား သင်တို့နှင့်အတူ ခေါ်သွားပါက သူဌေးကြီး၏ပစ္စည်းများကို ခိုးယူရန် နည်းပြပေးမည်" ဟု ဆိုပြန်လေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

### ပန်ဆုယူ

✧ လင်းကာထိန်ကာ၊ စေတီချာ၌
ရောင်ဝါယှက်သန်း၊ ငွေရောင်ဆန်း၍
ရွှေလွှမ်းသို့လည်း၊ ထိန်ထိန်ညီးသည်
ဆီမီးရောင်လော လရောင်လော။

✧ လေပြည်သိမ်းဖွဲ့၊ ယိမ်းနွဲ့နွဲ့တည့်
စိမ်းလဲ့အညှာ၊ ပွင့်ဝါဝါနှင့်
မာလာခိုင်တွဲ၊ လေယှဉ်နွဲ့သည်
ခဝဲညာလော ရွှေဝါလော။

✧ စေတီ၌လျှင်၊ ဆီမီးရှင်နှင့်
လှျူတင်ထွန်းညှိ၊ ဦးခိုက်ရှိ၍
နွဲ့အိပြာမှု၊ ပန်ဆုယူသည်
နိဗ္ဗူကိုလော ချစ်သူလော။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## လီယိုတော်စတွိုင်း

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

လီယိုတော်စတွိုင်းသည် ရုရှားနိုင်ငံ တူလာအနီးတွင် ၁၈၂၈ ခုနှစ်က မွေးဖွားခဲ့သည်။ သူသည် ကမ္ဘာပေါ်၌ အကြီးမြတ်ဆုံးစာရေးဆရာများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။


လီယိုတော်စတွိုင်း(Tolstoy, Leo) ကို ရုရှားနိုင်ငံ၏ အထင်ရှားဆုံး မြင့်မြတ်သည့်မိသားစုမျိုးနွယ်မှ မွေးဖွားခဲ့သည်။ သူ့မိခင်မှာ သူနှစ်နှစ်သားအရွယ်တွင် သေဆုံးခဲ့ပြီး သူ့ဖခင်မှာ သူ ရှစ်နှစ်သားအရွယ်တွင် သေဆုံးခဲ့သည်။ ထို့ကြောင့် သူ့ကို သူ့အဒေါ်က ခေါ်ယူမွေးစားခဲ့သည်။ သူကျောင်းမတက်ခဲ့ရပါ။ သို့သော် သူ့ကို အုပ်ချုပ်ထိန်းသိမ်းပေးသူတစ်ဦးကြောင့် နေအိမ်တွင်နေရင်း သူပညာတတ်ခဲ့သည်။ မကြာမီတွင် သူသည် ကာဇန်တက္ကသိုလ်သို့ တက်ရောက်၍ ပညာဆည်းပူးခဲ့သည်။ သို့သော် ဘွဲ့မရခင် တက္ကသိုလ်မှ ထွက်ခွာခဲ့သည်။

အသက် (၂၃) နှစ်အရွယ်တွင် သူသည် အမြောက်တပ်အရာရှိဖြစ်လာခဲ့ပြီး ခရီးမင်း(န်)စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ သူ့ကိုယ်ပိုင်စောစောပိုင်းဘဝကို ရေးဆွဲသည့်အနေဖြင့် သူသည် စစ်ပွဲကာလအတွင်း သူ့ပထမဆုံးဇာတ်လမ်းများကို ရေးသားခဲ့သည်။ ဆာဗက်တိုပေါလ်စစ်တပ်တွင် ပါဝင်ဆင်နွှဲပြီးနောက် သူသည် သူ၏ထင်ရှားသော ဆာဗက်တိုပေါလ်ပုံကြမ်းများ (Sevastopol Sketches) စာအုပ်(၁၈၅၅-၁၈၅၆)ကို ရေးသားခဲ့သည်။

၁၈၆၃ ခုနှစ်မှ ၁၈၆၉ ခုနှစ်အတွင်း သူသည် စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်ကို ရေးသားခဲ့သည်။ ယင်းစာအုပ်မှာ လူများစွာက အမြဲတမ်းကြီးမြတ်ကောင်းမွန်ဆုံးဝတ္ထုအဖြစ် ယူဆထားခြင်းခံရသော စာအုပ်ဖြစ်သည်။ ယင်းစာအုပ်သည် ၁၈၁၂ ခုနှစ်တွင် နပိုလီယံအား ဆန့်ကျင်တိုက်ခိုက်သော စစ်ပွဲမတိုင်ခင်ကာလနှင့် စစ်ပွဲကာလအတွင်း ရုရှားနိုင်ငံ၏ ရုပ်ပုံကားချပ်ကို ပြသပေးလိုက်ခြင်းဖြစ်သည်။ ထို့နောက် သူသည် လက်ထပ်ပြီး အမျိုးသမီးတစ်ဦး၏ လွမ်းဆွေးကြေကွဲဖွယ်ရာ အချစ်ကိစ္စအကြောင်း ဖော်ပြသည့် အန်နာကာရီနီရာ (Anna Karenena) ဝတ္ထုကို ရေးသားခဲ့သည်။

ထိုစာအုပ်ပြီးသည့်အချိန်မှစ၍ တော်စတွိုင်းသည် သူ့ဘဝတွင် အရေးကြီးဆုံးအချိန်ကို ရင်ဆိုင်နေရသည်။ သူသည် မျိုးရိုးကြီးမြင့်သူတစ်ဦးဖြစ်သည်။ သို့သော် လယ်သမားတစ်ဦး၏ ရိုးစင်းသောဘဝအတွက် သူ၏ ဇိမ်ကျကျနေရသောဘဝကို စွန့်ပယ်ရန် စတင်နေခဲ့သည်။ သူသည် ငြိမ်းချမ်းရေး၊ အချစ်နှင့်နိမ့်ချသောဘဝကို အခြေခံပြီး ဘာသာရေးဆိုင်ရာ ဖီလိုဆော်ဖီအသစ်တစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် တစ်ည၌ သူထွက်ပြေးရတော့မည်ဟု ခံစားခဲ့ရသည်။ သူသည် နေအိမ်မှ လျှို့ဝှက်စွာထွက်ခွာခဲ့သည်။ သို့ရာတွင် ၁၀ ရက်ခန့်အကြာ မီးရထားဘူတာရုံငယ်လေးတစ်ခု၌ အဆုတ်ရောင်ရောဂါနှင့် သေဆုံးခဲ့ရသည်။ လီယိုတော်စတွိုင်းသည် အသက် (၈၂) နှစ်အရွယ် ၁၉၁၀ ပြည့်နှစ်တွင် သေဆုံးခဲ့ပါသည်။ ။

**၁၈၆၃ ခုနှစ်မှ ၁၈၆၉ ခုနှစ်အတွင်း သူသည် စစ်နှင့်ငြိမ်းချမ်းရေးစာအုပ်ကို ရေးသားခဲ့သည်။ ယင်းစာအုပ်မှာ လူများစွာက အမြဲတမ်းကြီးမြတ်ကောင်းမွန်ဆုံးဝတ္ထုအဖြစ် ယူဆထားခြင်းခံရသောစာအုပ်ဖြစ်**



(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၇၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၃၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၀၂,၆၁၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၆၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၅၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၀၇,၈၃၇) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၈၈,၆၂၄) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု

### (၂၉-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၀၇,၈၃၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၈၈,၆၂၄ |

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၃၄၁၄၄၇ | ၉၆၈၅၈၀၀၃ | ၁၀၉၅၁၉၉ |
| ၂။ | အိန္ဒိယ | ၄၄၆၅၂၂၆၆ | ၄၄၁၀၄၉၃၃ | ၅၂၉၀၁၆ |
| ၃။ | ပြင်သစ် | ၃၆၇၉၃၁၆၁ | ၃၅၇၀၉၄၂၁ | ၁၅၆၈၃၂ |
| ၄။ | ဂျာမနီ | ၃၅၅၇၁၁၃၀ | ၃၃၈၂၁၄၀၀ | ၁၅၃၅၄၄ |
| ၅။ | ဘရာဇီး | ၃၄၈၆၅၂၁၈ | ၃၄၀၃၈၉၉၅ | ၆၈၈၀၄၃ |
| ၆။ | တောင်ကိုရီးယား | ၂၅၅၃၈၇၉၉ | ၂၄၉၉၆၆၁၈ | ၂၉၁၅၈ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၁၇၃၆၅ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၇၃၂၅၁ | ၂၀၄၉၄၅၇၀ | ၄၆၆၃၆ |
| ၁၀။ | ရုရှား | ၂၁၄၂၃၇၂၅ | ၂၀၇၉၆၁၂၄ | ၃၉၀၁၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၂၄၇၄ | ၂၀၆၀၂၉၉၆ | ၄၃၁၆၃ |
| ၂။ | အင်ဒိုနီးရှား | ၆၄၉၀၆၂၂ | ၆၃၀၇၄၈၁ | ၁၅၈၅၉၇ |
| ၃။ | မလေးရှား | ၄၈၉၆၉၂၂ | ၄၈၂၉၇၅၆ | ၃၆၄၆၄ |
| ၄။ | ထိုင်း | ၄၆၈၉၈၉၇ | ၄၆၄၉၅၀၉ | ၃၂၉၂၂ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၃၄၅၉ | ၃၉၁၈၆၀၂ | ၆၄၀၃၃ |
| ၆။ | စင်ကာပူ | ၂၀၉၆၅၂၀ | ၂၀၀၇၈၇၇ | ၁၆၇၄ |
| ၇။ | မြန်မာ | ၆၃၁၆၂၅ | ၆၀၅၅၉၇ | ၁၉၄၈၂ |
| ၈။ | ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၂၉ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၈၈ | ၁၃၄၉၂၃ | ၃၀၅၆ |

## သနပ်ပင်မြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**သနပ်ပင် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အထက (သနပ်ပင်) ဓီဇဝါခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲသို့ သနပ်ပင်မြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၂၁ ဦး တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကာလမှာ အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

အဆိုပါ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူလတန်းကျောင်းခွဲများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ လေ့လာသူအဖြစ် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်မူလတန်းကျောင်း တစ်ကျောင်းမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၂၈-၁၀-၂၀၂၂ ရက်မှအဆက်**

ကိုခင်မောင်ကြည်က မော်၏စိတ်ကူးကိုပင် ချီးကျူးမိသေးသည်။ ဟုတ်သည်၊ မော်ပြောသည့်အတိုင်း အချစ်ကိုစွဲဆိုသည်မှာ လူချင်းဝေးနေသော်လည်း ချစ်မိသောစိတ်က တော်တော်နှင့်ဖြတ်၍မရပေ။ ဤနေရာ၌ မော်က အကွက်မြင်လှပေသည်။

"မော်က ဒီနေရာမှာတော့ တွေးပုံက အပိုင်သားပဲ"

ထိုအတွင်းဝယ် ကပွဲနေရာဆီမှ မီးများလင်း၍လာသည်။ ဂီတသံများလည်း ငြိမ့်ညောင်းစွာ ပေါ်၍လာသည်။ စားပွဲတွင် ထိုင်နေသော အတွဲများသည် တစ်တွဲပြီးတစ်တွဲထ၍ ကမည့်နေရာသို့ သွားကြသည်။ ကိုခင်မောင်ကြည်က ဖန်ခွက်ထဲမှ အရက်ကို အစသတ်လိုက်သည်။

"ကဲ ... မော်၊ ကမယ်မဟုတ်လား"

မော်သည် ဝိုင်ခွက်ကို လက်ဖနောင့်ဖြင့် ပွတ်နေရင်း ခေါင်းခါလိုက်သည်။

"ဟင့်အင်း ... ဒီသီချင်းကြီး ကရတာ ပျင်းစရာကြီး"

"မော်တို့က အကရဲ့အရသာကို မခံစားတတ်သေးဘူး။ ဒီအကမျိုးက တစ်ယောက်ကိုတစ်ယောက်မှီပြီး စိတ်ကူးယဉ်လို့ သိပ်ကောင်းတာ။ အဲဒီတော့ လှိုင်းတွန့်ကလေးလို ငြိမ့်ပြီးဝင်လာတယ်။ ကနေရတယ်လို့တောင် မထင်ဘူး။ လှိုင်းပေါ်မှာ စီးနေရသလို၊ ဂွမ်းပုံပေါ်မှာ ထိုင်နေရသလို စည်းစိမ်သိပ်ရှိတာ"

မော်သည် ကိုခင်မောင်ကြည်အား ချစ်စရာမျက်စောင်းကလေးချီ၍ ကြည့်လိုက်သည်။

ရုပ်ရှင်ကားထဲတွင် မင်းသမီးများ ကလေးဆန်ဆန် ဟန်ပေးလိုက်သလို ချစ်စရာကောင်းသည်ဟု ကိုခင်မောင်ကြည်စိတ်ထဲတွင် ထင်လိုက်မိသည်။

"အမယ် ... ကိုကိုကြည်က အဆွယ်ကောင်းတာပဲ။ မော်က အနည်းဆုံး ယမ်းတာလောက်မှ ကချင်တာ။ ဝေါ့ဇ်တော့ အေးအေးစက်စက်ကြီး။ ကရတာတော့ ပျင်းတယ်။ ကတာနဲ့မတူဘူး။ တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီး ပွတ်နေတာနဲ့တူတယ်"

"အမယ် ... မော်တို့ကတဲ့ ရော့ခ်တို့ကမှ ပိုပြီးပွတ်ကြတာဗျ။ ခုတီးချက်မျိုးက လူကြီးတွေမှကတာ။ ကဲပါ ... ဒီတစ်ပုဒ်ဆုံးရင် ဝင်ရအောင်"

မော်သည် အရုပ်ကလေးကဲ့သို့ ခေါင်းကို ဘယ်ညာဆက်၍ ယမ်းနေရင်းဖြင့် ကိုခင်မောင်ကြည်ကို ပြောင်ပြနေသည်။ တီးဝိုင်းမှ တီးသံများ ရပ်သွားပြန်သည်။ လက်ခုပ်သံများ ကြားရသည်။ ခဏကြာလျှင် နောက်သီချင်းတစ်ပုဒ် စ၍တီးလိုက်သည်။ တီးသံက ငြိမ့်သလောက် အင်္ဂလိပ်နဲ့သံက နွဲ့လှသည်။ အပျိုမကလေး၏ ခရာသံ၊ ညှသံကဲ့သို့ အသံမျှင်မျှင်သေးသေးကလေးကို တွန့်၍တွန့်၍ တင်လိုက်ပြီးမှ နိမ့်သံသို့ တစ်ဟုန်ထိုးဆင်းသွားလိုက်ပုံမှာ ကြားရသူတို့၏ ရင်ထဲတွင် လှိုက်၍လှိုက်၍သွားသည်။

ကိုခင်မောင်ကြည်သည် လေးခင်းဆိုင်းသံကြားရလျှင် လက်ဖွေ့ထိုးရန် တရွရွဖြစ်နေသော လက်ဖွေ့သမားကဲ့သို့ ဂီတသံကိုကြားလိုက်သဖြင့် မကဘဲ မနေနိုင်အောင် ရှိတော့သည်။ မော်က ပြုံးစစဖြင့် ပြောင်နေသည်ကိုပင် မစောင့်နိုင်တော့ချေ။ နေရာမှထလိုက်သည်။

"ကဲ...လာ မော်...နောက်မနေစမ်းပါနဲ့"

သည်တော့မှ မော်က နေရာမှ ခပ်ကြွကြွကလေး ထလိုက်ပြီး ကိုခင်မောင်ကြည်ကို မှီတွဲ၍ လျှောက်လိုက်သည်။ ကပွဲခန်းဘေးမှ မပွင့်တပွင့် နီနီ ဝါဝါ ပြာပြာ မီးရောင်ကလေးများကြောင့် တစ်မျိုးလှနေသည်။ တီးဝိုင်းမှ အင်္ဂလိပ်နဲ့မှုတ်သူသည်ပင် ရှေ့တွင်ရပ်၍ ရှေ့တိုးနောက်ယမ်းဖြင့် စိတ်ပါလက်ပါဖြင့် မှုတ်နေသည်။ ထိုနဲ့ဆရာကို မီးအဖြူကွက်၍ ထိုးပေးထားသည်။

မော်သည် ကပွဲအခမ်းအနား ပြင်ဆင်ပုံကိုကြည့်ပြီး အလိုလိုကြည်နူးနေဟန်ရှိသည်။ ကိုခင်မောင်ကြည်က ကရန်ဟန်ယူလိုက်မှ မော်သည် ကိန္နရာမလေးကဲ့သို့ အလိုက်သင့် လက်ကလေးမြှောက်၍ ပေးလိုက်သည်။ ရေလှိုင်းတွင်းသို့ အလိုက်သင့်က၍သွားသော လှေကလေးကဲ့သို့ ကိုခင်မောင်ကြည်နှင့် မော်သည် စည်းချက် ဝါးချက်တွင်းသို့ အလိုက်သင့် ဆင်း၍ ကလိုက်သည်။

ကိုခင်မောင်ကြည်သည် မော်၏ခါးကလေးကို လက်ဖဝါးဖြင့်ဖိ၍ ကနေရာမှ တစ်နေရာသို့ တငြိမ့်ငြိမ့် လှည့်၍ လှည့်၍ ခေါ်သွားသည်။ မော်က အလိုက်သင့် မှီ၍ပါလာတတ်သည်။ ထိုသို့ တစ်နေရာမှ တစ်နေရာသို့ လှည့်၍ လှည့်၍သွားရာမှ ကိုခင်မောင်ကြည်၏ ကျယ်ပြန့်သောရင်ပြင်တွင် မော်၏ ပခုံးစွန်းနှစ်ဖက် မှီလျက်သားရှိတော့သည်။ တဖြည်းဖြည်း မော်၏ အပေါ်ပိုင်း တစ်ပိုင်းလုံးသည် ကိုခင်မောင်ကြည်၏ ရင်ခွင်တွင်းသို့ ရောက်၍နေတော့သည်။ ကိုခင်မောင်ကြည်က သူ၏ပါးတစ်ခြမ်းကို မော်၏ခေါင်းပေါ်တွင် မှေးတင်၍ ထားလိုက်သည်။

မော်က ကိုခင်မောင်ကြည်၏ ရင်ပြင်တွင် အလိုလို မှီလျက်သားရှိတော့သည်။ အရက်ရှိန်နှင့် သွေးက ကြွသလိုလိုရှိသော်လည်း ငြိမ့်ညောင်းသောဂီတနှင့် အကထဲတွင် စိတ်က အလိုလိုညွတ်နူး၍ လာ၏။ ခေါင်းထဲတွင် ရီဝေဝေကလေး ဖြစ်နေရာမှ နွဲ့နှောင်းသော ဂီတထဲတွင် တယုတယ ပွေ့ဖက်ပြီး ကနေရာမှ စိတ်က အလိုလိုပျော့၍လာသည်။ ကနွဲ့ကလျ မှီ၍နေချင်သည်။ ကနေရသည်ကိုပင် ကနေရမှန်းမသိ။ အရက်ရှိန်ကလေး ရီတီတီဖြင့် ကိုခင်မောင်ကြည်၏ ရင်ခွင်၌သာ မှေး၍နေလိုက်သည်။

ကိုခင်မောင်ကြည်က မော့်နဖူးပြင်ကို သူ့ပါးဖြင့်ပွတ်၍ ခပ်တိုးတိုးမေးလိုက်သည်။

"မော် ... မူးနေသလား"

"ဟင့်အင်း ... မူးပါဘူး"

မော်က နှုတ်ခမ်းစေ့၍ ခပ်နွဲ့နွဲ့ ပြန်ဖြေလိုက်သည်။ မော့်အသံမှာ ခါတိုင်းလို မစူးရှတော့ပေ။ လေသံက တိုး၍နွဲ့သည်။ နှုတ်ခမ်းကလေးရွဲ့၍ နှာသံဖြင့် ပြောလိုက်သော ခြောက်ကပ်ကပ်အသံမျိုးဖြစ်သည်။

"'မ' တစ်ယောက်ကတော့ မော်တို့နဲ့ တခြားစီပဲနော်။ အကတွေ ဘာတွေ ဝါသနာမပါဘူးထင်တယ်နော်"

"တစ်ခါမှတောင် ရောက်ဖူးမှာမဟုတ်ဘူး"

ကိုခင်မောင်ကြည်သည် မော့်ကို ခပ်တင်းတင်းကလေး ဖက်ထားလိုက်သည်။ တီးချက်ရပ်သွားမှ ကနေသော အရှိန်ကို လျှော့လိုက်သည်။ ပြီးမှ ကိုယ့်စားပွဲသို့ ကိုယ်ပြန်ကြသည်။ စားပွဲပြန်ရောက်တော့လည်း မော်သည် နွမ်းနေဟန်ရှိသည်။ မျက်တောင်ကော့ကလေးများသည် စင်း၍နေတော့သည်။ ကိုခင်မောင်ကြည်က မော့်အတွက် ဝီစကီ ပြောင်း၍မှာလိုက်သည်။

"ဘယ့်နှယ်လဲမော်၊ အိပ်ချင်သွားပလား"

မော်သည် ငှက်ကလေးများလို ခေါင်းကို တစ်ချက်ခါလိုက်ရင်း ဝီစကီကို တစ်ဝက်ခန့်မော့၍ သောက်လိုက်သည်။ ပြီးမှ အာလူးဖတ်ကလေးများကို ရွေး၍ စားလိုက်သည်။

"ကရတာ လူတော့ ငြိမ်လွန်းတယ်။ အိပ်ခါနီး ကဖို့ကောင်းတယ်နော်။ ဂျီတာဘတ်တို့၊ ရော့ခ်တို့ ကပြီးတာနဲ့ မှိန်းနေဖို့ကောင်းတယ်"

"ဒီဝေါ့ဇ်က အနောက်မှာ သိပ်ခေတ်စားတယ်။ တော်ဝင်ပွဲကြီးလမ်းကြီးတွေမှာ ဒီအကပဲ ကကြတယ်။ မြို့စားကြီးတွေ၊ မင်းပိုင်းစိုးပိုင်းကြီးတွေ၊ သူဌေးကြီးတွေ အလွန်နှစ်သက်တဲ့အကပေါ့။ ဣန္ဒြေရရနဲ့ ခန့်ခန့်ကြီးပွတ်တဲ့ အကပေါ့။ ဒီအကမျိုးက ဘယ်တော့မှလည်း မရိုးဘူး။ စထရပ်ရဲ့ ဒေါ့ဇ်တေးသွားဆို သိပ်ခေတ်စားတာပေါ့။ အမေရိကားတို့၊ အင်္ဂလန်တို့မှာ ခုထိ ခေတ်စားတုန်းပဲ။ သူက ဖြည်းဖြည်းနဲ့ခန့်ခန့် ကလို့ရတယ်။ နဖူးချင်း၊ ပါးချင်း၊ ရင်ချင်းကပ်ပြီး ဣန္ဒြေမပျက် ဇိမ်ခံကနိုင်တဲ့ အကမျိုးပေါ့"

ကိုခင်မောင်ကြည်က သူနှစ်သက်သော အကအကြောင်းကို အသေးစိတ်ရှင်းပြနေသော်လည်း မော်ကမူ ခုထိပင် နွမ်းနေပုံရသေးသည်။

မျက်လုံးကိုမှေးရင်း အရက်ခွက်နှင့် နှုတ်ခမ်းကို တေ့ထားလိုက်သည်။

ထိုအတွင်း တီးဝိုင်းမှ ခပ်သွက်သွက် တေးသံကို ကြားရသည်။ မော်သည် အရက်ကို အကုန်မော့လိုက်ပြီးလျှင် ခေါင်းတညိတ်ညိတ်ဖြင့် တစ်ကိုယ်လုံး လှုပ်၍လာသည်။

မစ္စတာရှားမားနှင့် အရွယ်ခပ်လတ်လတ် ဖြူဖြူတုတ်တုတ် မိန်းမတစ်ယောက်သည် ကိုခင်မောင်ကြည်တို့ဝိုင်းသို့ ရောက်လာသည်။ မစ္စတာရှားမားသည် မော့်ကို သူနှင့်ကရန် ခွင့်တောင်းလိုက်သည်။

ပြီးမှ သူနှင့်ပါလာသော မိန်းမတစ်ယောက်နှင့် အားလုံးကို မိတ်ဆက်ပေးလိုက်သည်။

"သူက မစ္စစ်တင်သန်းအောင်လေ"

အမှန်၌ ဤသို့မိတ်ဆက်ပေးလိုက်ခြင်းဖြင့် မစ္စစ်တင်သန်းအောင်သည် မည်မျှထင်ပေါ်ကျော်ကြားသူဖြစ်ကြောင်း သိသာနိုင်ပေသည်။ ကိုခင်မောင်ကြည်ရော မော်ပါ တအံ့တသြဖြင့် ပြုံးရွှင်စွာ နှုတ်ဆက်ကြသည်။

"သြော် ... နာမည်တော့ ကြားဖူးပါတယ်။ အခုမှပဲ တွေ့ရတယ်"

ဤသို့ ပြောဆိုနှုတ်ဆက်လိုက်ရခြင်းအားဖြင့် မစ္စစ်တင်သန်းအောင်သည် ကပွဲခန်းထဲ၌ မည်မျှကျော်ကြားနေသည်ကို သိနိုင်ပေသည်။

"ကဲ ... မော်၊ အပြောင်းအလဲကလေးပေါ့။ ခုန အငြိမ့်အက၊ အခု အဆော့အက။ အအေးကနေ အပူပြောင်းရအောင်"

မော်က ချက်ချင်းပင် နေရာမှထလိုက်သည်။ မစ္စတာရှားမားတို့ ထွက်သွားသောအခါ မစ္စစ်တင်သန်းအောင်သည် ကိုခင်မောင်ကြည်နှင့် ကျန်ရစ်ခဲ့သည်။

မစ္စစ်တင်သန်းအောင်က စကားတစ်ခုကို အစရှာ၍ ရောက်တတ်ရာရာကို လျှောက်၍ပြောသည်။ ကိုခင်မောင်ကြည်ကမူ မော့်ကိုသာ လှမ်းကြည့်နေမိသည်။

မစ္စတာရှားမားနှင့် မော်တို့သည် အဝေးမှကြည့်သောအခါ ကနေသည်ဟူ၍ပင် မထင်ရပေ။

လှုပ်ရှားပုံက မြန်လွန်းသည်။ တစ်ခါတစ်ခါ နှစ်ကိုယ့်တစ်ကိုယ်ဖြစ်ဟန်ပူးကပ်သွားသည်။

တစ်ခါတစ်ခါ လှည့်လိုက်၊ ယိမ်းလိုက်ပုံမှာလည်း ဆပ်ကပ်ပြသလို သွက်လက်လျင်မြန်လှသည်။

ကိုခင်မောင်ကြည်သည် မော့်ကိုကြည့်ရင်း မောလာသည်။ နောက်ဆုံးတွင် မော်သည် ကပွဲခန်းမ၏ အလယ်တွင် အစွမ်းပြ၍ နေပြန်တော့သည်။ တေးသံရပ်သွားသောအခါ အားလုံးက မော့်ကို ချီးကျူးနေကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

"မော်သည် ကပွဲအခမ်းအနား ပြင်ဆင်ပုံကိုကြည့်ပြီး အလိုလိုကြည်နူးနေဟန်ရှိသည်။
ကိုခင်မောင်ကြည်က ကရန်ဟန်ယူလိုက်မှ မော်သည် ကိန္နရာမလေးကဲ့သို့
အလိုက်သင့် လက်ကလေးမြှောက်၍ ပေးလိုက်သည်။ ရေလှိုင်းတွင်းသို့
အလိုက်သင့်က၍သွားသော လှေကလေးကဲ့သို့ ကိုခင်မောင်ကြည်နှင့် မော်သည်
စည်းချက် ဝါးချက်တွင်းသို့ အလိုက်သင့်ဆင်း၍ ကလိုက်သည်။
ကိုခင်မောင်ကြည်သည် မော်၏ခါးကလေးကို လက်ဖဝါးဖြင့်ဖိ၍ကနေရာမှ
တစ်နေရာသို့ တငြိမ့်ငြိမ့် လှည့်၍ လှည့်၍ ခေါ်သွားသည်။ မော်က အလိုက်သင့်မှီ၍ ပါလာတတ်သည်။
ထိုသို့ တစ်နေရာမှ တစ်နေရာသို့ လှည့်၍ လှည့်၍သွားရာမှ
ကိုခင်မောင်ကြည်၏ ကျယ်ပြန့်သောရင်ပြင်တွင် မော်၏ပခုံးစွန်းနှစ်ဖက်..."

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၀၅ သန်း တိုးတက်ဝင်ရောက်

**ပဲခူး အောက်တိုဘာ ၂၀**

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၀၅ သန်း တိုးတက်ဝင်ရောက်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၉၂၆ သန်းနှင့် ပြည်တွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းငွေကျပ် ၆၄၉၀၈ ဒသမ ၂၁၅ သန်းရှိကြောင်း သိရသည်။



**အခွင့်အလမ်းကောင်းများ ရရှိနိုင်**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံလိုသူများအတွက် လူ့စွမ်းအားအရင်းအမြစ် ပေါကြွယ်မှုရှိခြင်း၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာ ကင်းရှင်းခြင်း၊ မြေနေရာကျယ်ဝန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့နိုင်ရေး အားပေးနေခြင်းနှင့် အေးချမ်းတည်ငြိမ်ခြင်း စသည့်အခွင့်အလမ်းကောင်းများကို ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံလိုသူများအတွက် ထိုသို့ သတင်းစကားပါးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်မှုဇုန်များအတွင်း မြေလပ်မရှိ စက်ရုံများတည်ဆောက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန် လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခွန်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို များစွာအထောက်အကူဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်နှင့် ထုတ်ကုန်တိုးမြှင့်နိုင်ရန် သတ်မှတ်ကာလအတွင်း စက်ပစ္စည်းများကို သွင်းကုန်အခွန်ကင်းလွတ်ခွင့်များ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးချဲ့ခြင်း စက်ရုံ နှစ်ရုံနှင့် ကုန်ပစ္စည်း ထပ်မံမှာယူခြင်း စက်ရုံ တစ်ရုံ၊ တည်ဆောက်ရေးကာလ သက်တမ်းတိုး စက်ရုံတစ်ရုံနှင့် စက်ရုံ အဆောက်အအုံ တိုးချဲ့ခြင်း စက်ရုံတစ်ရုံတို့၏ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက ဖြည့်စွက်အကြံပြုဆွေးနွေးကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လူဦးရေ ၇၅၁၈ ဦးကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဓနုဖြူမြို့နယ်၌ (ထက်၊ လယ်၊ မူ) ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ (ထက်၊ လယ်၊ မူ) ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါက်တာသန္တာဆွေက အဖွင့်အမှာစကားပြောကြားပြီး ဓနုဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ချိုဦးက တက်ရောက်လာသော ဆရာ ဆရာမများအား အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဓနုဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀၇ ကျောင်းမှ အထက်တန်းကျောင်းအုပ် ၁၂ ဦး၊ အလယ်တန်း ကျောင်းအုပ် ၂၅ ဦး၊ မူလတန်းကျောင်းအုပ် ၁၇၀ စုစုပေါင်း ၂၀၇ ဦးတို့အား အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်တာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ထို့နောက် ဓနုဖြူမြို့နယ် မီးသတ်တပ်ဖွဲ့ မြို့နယ်ဦးစီးမှူး ဦးနောင်နောင်က အခြေခံပညာကျောင်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျောင်းအုပ်ဆရာ ဆရာမများကို မီးသတ်ဆေးဘူးအသုံးပြုပုံ ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၂ ခုနှစ် မြို့နယ်အဆင့် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကွမ်းခြံကုန်း အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မြို့နယ်အဆင့်မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၈ ရက်က အင်္ဂလုံးကျေးရွာအုပ်စု တောင်သူ ဦးမြင့်ဦး ကွင်းအမှတ်(၃၈၁) ဒေးပါလဘုရားကွင်း ဦးပိုင်အမှတ်(၅၆/၁)၏ လယ်မြေ ၆ ဒသမ ၃၅ ဧကတွင် ကျင်းပရာ ဆင်းသုခ(R.S)မျိုးစပါးတစ်ဧကလျှင် စပါးအစိုထွက်နှုန်း ၁၁၉ ဒသမ ၈၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။



**ကြည့်ရှုအားပေး**

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသီဟန်ထွန်း၊ အဖွဲ့ဝင်(၂) ဦးရဲတင့်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်စိန်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအတွင်းရှိ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

■

## ပန်းတနော်မြို့နယ် မြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ပန်းတနော် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



**ကြည့်ရှုအားပေး**

ထိုသို့လုပ်ဆောင်ရာတွင် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ပြခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြပြီး မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောခြင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ဒီဘရိုင်းရဲ့သွင်းဂိုးနဲ့ လက်စတာကိုနိုင်ပြီး ဇယားထိပ်မှာ မန်စီးတီး ယာယီဦးဆောင်ခွင့်ရ



လက်စတာစီးတီးအသင်းနဲ့ မန်စီးတီးအသင်းတို့ အောက်တိုဘာ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းက ဒီဘရိုင်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ ပွဲကစားချိန် ၄၉ မိနစ်မှာ အလွတ်တည်ကန်ဘောကနေတစ်ဆင့် မန်စီးတီးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒီဘရိုင်းအနေနဲ့ အလွတ်တည်ကန်ဘောကနေ ဂိုးသွင်းနိုင်ခဲ့တာကြောင့် ဂိုးဧရိယာအပြင်ဘက်ကနေ သွင်းယူခဲ့တဲ့ သူ့ရဲ့ ၂၅ ဂိုးမြောက် ပရီမီယာလိဂ်သွင်းဂိုးလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရခဲ့လို့ လက်ရှိအချိန်မှာ ရမှတ်စုစုပေါင်း ၂၉ မှတ်ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက အာဆင်နယ်အသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်တို့ ပွဲစဉ်မတိုင်မီ ဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။



## မက်ဆီ၊ အမ်ဘာတ်ပီနဲ့ နေမာတို့ သုံးဦးစလုံးဂိုးသွင်းယူနိုင်ခဲ့ပြီး အခုနှစ်ဘောလုံးရာသီ ပြင်သစ်ပထမတန်းမှာ ရှုံးပွဲမရှိသေးတဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းနဲ့ ထရိုင်းယက် အသင်းတို့ အောက်တိုဘာ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်း ပွဲစဉ်မှာ တိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ အမ်ဘာတ်ပီနဲ့ နေမာတို့ သုံးဦးစလုံး ပီအက်စ်ဂျီ အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

မက်ဆီဟာ အခုပွဲစဉ်မှာ တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သလို ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့တာကြောင့် ဒီရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ၁၂ ပွဲမှာ ဂိုးဖန်တီးမှု ၁၀ ကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ဒါ့ပြင် မက်ဆီ၊ အမ်ဘာတ်ပီနဲ့ နေမာတို့ သုံးဦးစလုံးရဲ့ သွင်းဂိုးစုစုပေါင်းကလည်း ၄၃ ဂိုးရှိလာခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ထရိုင်းယက် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ် ပထမတန်းပွဲစဉ် ၁၃ ပွဲကစားပြီးချိန်မှာ ၁၁ ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ဆဲဖြစ်သလို အမှတ်ပေးဇယားမှာလည်း ဒုတိယနေရာက လန်းစ်အသင်းကို ငါးမှတ် ဖြတ်ပြီး ထိပ်ဆုံးက ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ပြင်သစ်ပထမတန်းချန်ပီယံဖလားကို ၁၀ ကြိမ်ဆွတ်ခူးထားတဲ့ ပီအက်စ်ဂျီ အသင်းဟာ နိုဝင်ဘာ ၂ ရက်မှာ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချန်ပီယံလိဂ် (၁၆)သင်းအဆင့် တက်လှမ်းခွင့်လည်း ရရှိထားတဲ့အသင်းဖြစ်ပါတယ်။

## တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံရပြီးနောက် အသင်းဖော်တွေကို တောင်းပန်ခဲ့ရတဲ့ ဒီယေဂိုကော်စတာ

ဝုလ်ဗာဟမ်တန်အသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ဘရန်းဖို့ဒ်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တိုက်ရိုက် အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသင်းဖော်တွေကို တောင်းပန်ခဲ့ရပါတယ်။

အဲဒီပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဒီယေဂိုကော်စတာကတော့ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခုနစ်မိနစ်မှာ ဘရန်းဖို့ဒ်ကစားသမား ဘင်မီးကို ကြမ်းတမ်းစွာပြုမူကစားခဲ့ပြီးနောက် ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီအနီကတ်ပြထုတ်ပယ်ခံခဲ့ရတာဟာ ဒီယေဂို ကော်စတာရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၉၅ ပွဲမှာ ပထမဆုံးအကြိမ် အနီကတ်ပြထုတ်ပယ်ခံ ခဲ့ရခြင်းလည်း ဖြစ်ပါတယ်။

ဒီယေဂိုကော်စတာဟာ အခုပြသခံခဲ့ရတဲ့ တိုက်ရိုက်အနီကတ်ကြောင့် သုံးပွဲပယ် ပြစ်ဒဏ်ကျခံရတော့မှာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အဲဗာတန်နဲ့ ဝုလ်ဗာဟမ်တန်တို့ ကစားမယ့် Boxing day ပွဲစဉ်ရောက်မှသာ ပြန်လည်ပါဝင်ကစားရဖို့ရှိနေတာဖြစ် ပါတယ်။



ငွေကြယ် - ရေးသားသည်

## အန်ဒါဆန်ဆေးလ်ဗားကို အနိုင်ရခဲ့တဲ့ ဂျိတ်ပေါလ်

အမေရိကန် လက်ဝှေ့ကျော် ဂျိတ်ပေါလ်ဟာ ဘရာဇီးလက်ဝှေ့ သမား အန်ဒါဆန်ဆေးလ်ဗားကို အနိုင်ရရှိခဲ့တာကြောင့် လက်ဝှေ့ သမားဘဝ ခြောက်ဦးမြောက် ပြိုင်ဘက်ကို အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ် ဂျိတ်ပေါလ်ဟာ အသက် ၄၇ နှစ် အရွယ် အန်ဒါဆန်ဆေးလ်ဗားကို အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ရဲ့



လက်ဝှေ့ကြိုးဝိုင်းထဲမှာ ပရိသတ် ၁၄၀၀၀ ရှေ့မှောက်မှာ ၇၇-၇၄၊ ၇၈-၇၃၊ ၇၈-၇၃ မှတ်နဲ့ အနိုင် ရရှိခဲ့တာဖြစ်ပါတယ်။

အန်ဒါဆန်ဆေးလ်ဗားဟာ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၃ ခုနှစ် အထိကာလအတွင်း ယူအက်ဖ်စီ မစ်ဒယ်ဝိတ် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး လက်ဝှေ့ ပြိုင်ပွဲ ၁၆ ပွဲဆက်တိုက်နိုင်ပွဲရရှိ ခဲ့တဲ့ မှတ်တမ်းလည်း ရှိခဲ့တာဖြစ် ပါတယ်။ ဒါပေမယ့် အခုပြိုင်ပွဲမှာတော့ အန်ဒါဆန်ဆေးလ်ဗားဟာ ဂျိတ်ပေါလ်ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါ တယ်။


## လိုက်ဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို သိမ်းပိုက်နိုင်ခဲ့တဲ့ ကေတီတေလာ



အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာဟာ အာဂျင်တီးနား လက်ဝှေ့မယ်ကာရာဘာဂျယ်ကို အနိုင်ရရှိခဲ့ပြီးနောက် အိုင်ဘီ အက်ဖ်၊ ဒဗလျူဘီအေ၊ ဒဗလျူဘီစီ စတဲ့လိုက်ဝိတ်ကမ္ဘာ့ ချန်ပီယံခါးပတ်တွေကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ ကေတီတေလာဟာ ဧပြီလအတွင်းက အာမန်ဒါဆာရာနိုကို အနိုင်ရရှိခဲ့ပြီး နောက်ပိုင်း အခုပြိုင်ပွဲဟာ ပထမဆုံးအကြိမ်ပြန်လည် ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ကေတီတေလာ က ကာရာဘာဂျယ်ကို ၁၀၀-၉၁၊ ၉၉-၉၁၊ ၉၈-၉၂ မှတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တေလာဟာ ၂၀၁၂ ခုနှစ်အတွင်းက အိုလံပစ်ရွှေတံဆိပ် ဆုကို ရရှိခဲ့ဖူးသူဖြစ်ပြီး လက်ဝှေ့မယ်ဘဝ ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲ ၂၂ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ပြိုင်ပွဲ အားလုံးအနိုင်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ခေါင်းဆောင်မှု




စာရေးသူ ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် ခေါင်းဆောင်မှု စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တိုင်းပြည်ကောင်းအောင် ခေါင်းဆောင်အဆင့်တိုင်း အရေးကြီး၊ စည်းရုံးရေး စွမ်းရည်၊ တိကျမှန်ကန်မြန်ဆန်ပါစေ၊ ခေါင်းဆောင်မှု ဆိုင်ရာမှတ်စု စသည့် ခေါင်းစဉ်များ အပါအဝင် ခေါင်းစဉ် ၂၈ ခုကို စုစည်းဖော်ပြထားသည်။

မည်သည့် အသင်းအဖွဲ့၊ အုပ်စုတွင်မဆို ခေါင်းဆောင်ရှိရမည်။ ခေါင်းဆောင်သည် ခေါင်းဆောင်တာဝန်ကို ယူရမည်။ ခေါင်းဆောင်တာဝန်ထမ်းနိုင်အောင် လုံလောက်သော စွမ်းရည်စွမ်းအားများလည်း ရှိသူဖြစ်ရပေမည်။ ထို့ကြောင့် ခေါင်းဆောင်မှုသည် အရေးကြီးလေသည်။ ခေါင်းဆောင်ကောင်းများ ပျိုးထောင်ရေးသည် အမြဲတစေလိုအပ်နေသည်။ ခေါင်းဆောင်မှုအကြောင်း၊ ခေါင်းဆောင်အကြောင်းများသည် လူ့အဖွဲ့အစည်း၏ တိုးတက်ရာ တိုးတက်ကြောင်း၊ အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် အရေးကြီးသည်။ သိသင့် သိထိုက်သော ဗဟုသုတအခြင်းအရာများဖြစ်သည်။ လူငယ်တွေလည်း သိအပ်သည်။ လူကြီးများလည်း သိရမည်။ ခေါင်းဆောင်မှုက စိတ်ဝင်စားစရာလည်းကောင်းပြီး အချိန်အခါ ပြောင်းလဲသည်နှင့်အမျှ အလိုက်သင့် ပြောင်းလဲပြုပြင်ရသည်များလည်း ရှိသဖြင့် တရားသေချည်းမဟုတ်ပေ။ ထို့ကြောင့် အမာသဘောရော၊ အပျော့သဘောရော ပါဝင်နေသည်။ ဉာဏ်ပညာလည်း လိုသည်။ အတွေ့အကြုံလည်း လိုသည်။

ဤစာအုပ်သည် စာဖတ်သူများအား ကောင်းမွန်သောအသိအမြင်၊ အတွေးအခေါ် ရရှိလာအောင် ကောင်းစွာအထောက်အကူပြုနိုင်ရန် စာရေးသူက ကြိုးပမ်းပြုစုထားပါသည်။

စာအုပ်ကို အမှတ်(၁၅၀)၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၅၀၃၂၅၄၊ ၀၉-၇၃၂၂၄၅၂၄ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## ခေတ်သစ်နန်းလုပွဲနှင့် စစ်နွံနစ်ဗျူဟာ




စာရေးသူ နေဇင်လတ်ရေးသားသည့် ခေတ်သစ်နန်းလုပွဲနှင့် စစ်နွံနစ်ဗျူဟာစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် လုံခြုံရေး၊ တည်ငြိမ်ရေးကို သီးခြားခွဲမစဉ်းစားကြပါနဲ့၊ စီးပွားရေး၊ နိုင်ငံရေး၊ နိုင်ငံတကာရေးနဲ့ ပူးတွဲစဉ်းစားကြပါ၊ လူတွေကိုပါ ထည့်စဉ်းစားပါ စသည်ဖြင့်လည်းကောင်း၊ ဒီနေ့ ယူကရိန်းစစ်ပွဲ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကိုကောက်ရင် အောဘာရိုက်ရဲ့ NATO Expansion and threat ဆိုတဲ့ နေတိုးချဲ့ထွင်ရေး၊ ဖိအားပေးရေးဗျူဟာကြောင့်ဆိုရင် မှားမယ် မထင်ပါဘူး စသည်ဖြင့် လည်းကောင်း၊ ထရမ့်ကလဲ အခုတလော ဘိုင်ဒန်ကို အပြင်းအထန် ဝေဖန်နေတဲ့အပြင် ပူတင်ဆီက ဘိုင်ဒန်နဲ့ပတ်သက်တဲ့ အရှုပ်တော်ပုံတွေကို တောင်းနေတာ။ ထရမ့်ဘယ်သူလဲ၊ ဘိုင်ဒန်ဘယ်သူလဲ၊ ဒါဆိုရင် အမေရိကန်ဘယ်သူလဲဆိုတာ မြင်ကြမယ်လို့ ယူဆပါတယ် စသည်ဖြင့် စိတ်ဝင်စားဖွယ်၊ ဗဟုသုတရဖွယ်အကြောင်းအရာများကို နိုင်ငံရေး (ပြည်တွင်း)၊ နိုင်ငံရေး(ပြည်ပ)၊ စီမံခန့်ခွဲမှုနှင့် စီးပွားရေး၊ အတွေးအမြင်၊ အထွေထွေဟူသော ကဏ္ဍကြီးငါးခုအောက်တွင် ခေါင်းစဉ်ပေါင်း ၇၀ ဖြင့် ဖော်ပြထားပြီး စာဖတ်သူများ အကြိုက်တွေ့စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို အမှတ်(၃၆)၊ A-1 Rose Park(3)၊ မြနှင်းဆီလမ်း၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၀၉-၂၅၉၈၆၉၅၁၇၊ ၀၉-၄၀၀၀၀၀၈၉၀ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## Facebook ပေါ်က ကျွန်တော့်အတွေးများ




စာရေးသူ နေဇင်လတ်ရေးသားသည့် Facebook ပေါ်က ကျွန်တော့်အတွေးများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ယခုလက်ရှိ နိုင်ငံရေးနဲ့ပတ်သက်လို့ ပြည်သူတွေအနေနဲ့ သေမထူး နေမထူး နိုင်ငံရေးအရိုးရင့် စားဖားတွေရဲ့ ရှုးကြောင်ကြောင်စကားတွေနောက် မလိုက်ကြပါနဲ့ဆိုတဲ့ နိုင်ငံရေး(ပြည်တွင်း)ကဏ္ဍကိုလည်းကောင်း၊ အမှန်တကယ် ယှဲ့ဆင်နဲ့ အမေရိကန်သမ္မတ ဖုန်းနဲ့စကားပြောကြပြီးမှ ယှဲ့ဆင်က တင့်ကားပေါ်တက်ခဲ့တာပါ။ ယှဲ့ဆင်သမ္မတဖြစ်လာတော့ သူ့အနားမှာ CIA “ရာ”ဂဏန်းကျော်နဲ့ အညှပ်ခံထားခဲ့ရတဲ့အကြောင်း အခုထုတ်ဖော်လာခဲ့ပါပြီဆိုတဲ့ နိုင်ငံရေး(ပြည်ပ)ကဏ္ဍကိုလည်းကောင်း၊ ငွေကြေးဖောင်းပွမှုဆိုတာ နိုင်ငံတိုင်းမှာရှိတယ်။ တချို့က ၁-၂ ရာခိုင်နှုန်းကို လက်ခံကြပြီး တချို့က ၃-၄ ရာခိုင်နှုန်းအထိ လက်ခံကြတယ်ဆိုတဲ့ စီမံခန့်ခွဲမှုနှင့် စီးပွားရေးကဏ္ဍကို လည်းကောင်း၊ B3W အောင်မြင်နိုင်သလား၊ ဂျပန်က EU Expansion ကို ဘာကြောင့် ဆန့်ကျင်သလဲ။ ဘယ်အုပ်စုခေတ်ကို ရောက်လာမလဲ။ ဘာကြောင့် ရောက်ရသလဲဆိုတဲ့ အတွေးအမြင်ကဏ္ဍကိုလည်းကောင်း၊ နှုတ်က အလုပ်ဖြစ်ချင်တယ်လို့ ပြောကြသူတွေကိုယ်တိုင် ဘယ်လိုအလုပ်ဖြစ်အောင်၊ ရလဒ်ထွက်အောင် လုပ်မလဲဆိုတာ သိဟန်မတူကြဘူး။ အဲဒီအချက်ဟာ အများထက်နောက်ကျစေတဲ့ အဓိကအချက်များထဲက တစ်ခုပဲဆိုတဲ့ အထွေထွေကဏ္ဍကိုလည်းကောင်း စိတ်ဝင်စားဖွယ်၊ ဗဟုသုတရဖွယ် ခေါင်းစဉ်ခွဲ ၆၆ ပုဒ်ဖြင့် ဖော်ပြထားသည်။

